စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ဝေသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၁/၂၀၁၉**

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ သတင်းခေါင်းစဉ်များ

**ပြည်တွင်း ဈေးကွက်**

- ပြည်တွင်းပဲဈေးကွက်
- ပဲအချို့ ဈေးမြင့်တက်နေကြောင်းသိရ
- ချင်းရွှေဟော် နယ်စပ်စခန်းမှ ၂၀၁၈ ခုနှစ်၊ ခြောက်လအတွင်း ရော်ဘာတန်ချိန် ငါးထောင်ခန့် တင်ပို့ထား
- မြေပဲစိုက်တောင်သူများ စံပြစိုက်ကွက်အား ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးလိုပါက ဆီစက်ပိုင်ရှင်များအသင်းသို့ ဆက်သွယ် အကူအညီတောင်းခံနိုင်
- ကျောက်ငါးများ မွေးမြူသူ အဆင်ပြေ

**နိုင်ငံတကာ ဈေးကွက်**

- တရုတ်နိုင်ငံ၏ ဆန်မျိုးစိတ်အသစ် စံချိန်တင်အထွက်နှုန်းဖြင့် ထွက်ရှိ
- အိန္ဒိယပြည်တွင်းအခြေအနေများက ကမ္ဘာ့ပဲဈေးကွက်ကို ရိုက်ခတ်မည်
- ဆောင်းပဲအစား ဂျုံပြောင်းစိုက်ရန် အိန္ဒိယတောင်သူများ စိတ်ဝင်စားနေ
- ၂၀၂၀ ပြည့်နှစ်တွင် တရုတ်က အီသနောထုတ်လုပ်မှုကို သုံးဆမြှင့်တင်မည်

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- နိုင်ငံတော်အဆင့် ငါးပုစွန်မွေးမြူရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းရေးဆွဲမည်
- လာမည့် ၂၀၁၉ ခုနှစ်တွင် မွေးမြူရေးကဏ္ဍတွင် စီမံကိန်းကြီးများ စတင်မည်
- ပြည်ပမှ ငါးရောင်ငါးတင်သွင်းခွင့် ပိတ်ထားခြင်းကြောင့် ငါးခြောက်ဈေးကွက်တွင် ကုန်ကြမ်းပြတ်လပ်၍ ဈေးနှုန်းမြင့်တက်
- စင်ကာပူသို့ သဲတင်ပို့ရန် ဟိုင်းကြီးကျွန်းရှိ ငပန်မြစ်ဂတွင် တူးဖော်ခွင့်ပြုထား
- သနပ်ခါးထုတ်ကုန် အရည်အသွေးနှင့်လုပ်ငန်းများ တိုးတက်လာစေရန် မြန်မာ့သနပ်ခါးအသင်းနှင့် HELVETAS Myanmar တို့ ပူးပေါင်းဆောင်ရွက်နေ
- အာဆီယံဈေးကွက်ထဲ ထပ်မံချဲ့ထွင်လုပ်ဆောင်မယ့်အပြင် ပြည်တွင်းဈေးကွက်မှာ အခိုင်အမာနေရာယူဖို့ Oishi စီစဉ်နေ

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာ့ဆန်တင်ပို့မှု အထူးအခွင့်အရေး ရပ်၊ မရပ် ယခုလအတွင်း အီးယူအကြောင်းပြန်မည်
- နိုင်ငံတကာ ဆန်အဝယ်ကျ၍ ဆန်တင်ပို့မှုမှ ကန်ဒေါ်လာသန်း ၇၀၀ ကျော်လျော့နည်း
- အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် အာရှတိုက် ထိခိုက်ခဲ့ပြီး ကမ္ဘာ့ဖွံ့ဖြိုးမှု လျော့ကျနိုင်ဟု IMF ခန့်မှန်း
- မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရေးဆွေးနွေး
- ပြင်သစ်ကုမ္ပဏီက ပင်လောင်းလက်ဖက် ဝယ်ယူရန်ကမ်းလှမ်း

**အထူးဆောင်းပါးများ**

- ရေနံဈေးကွက်ဘယ်လိုဆက်ရှိနိုင်သလဲ?

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃

၀၁-၂၈၈၂၉၇

၀၁-၃၇၆၄၁၆

၀၁-၃၇၆၄၉၀

ဖက်စ် ၀၁--၃၇၆၄၁၆

http://www.trade.gov.mm

myantradetir2016@gmail.com

# ပြည်တွင်းဈေးကွက်

## ပြည်တွင်းပဲဈေးကွက်

### မတ်ပဲ (FAQ/RC)

ဒီတစ်ပတ်မှာ မတ်ပဲက ရုတ်တရက် ဈေးထိုးကျသွားတဲ့အတွက် ပဲလှောင်တဲ့သူတွေနဲ့ ရောင်းဖို့ပြင်ဆင်နေတဲ့သူတွေ ဆက်ရောင်းရမလား၊ ထပ်ပြီးဈေးကျသွားမလားဆိုပြီး စိုးရိမ်မှုတွေ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံက ပဲဆက်တိုက် ဝယ်ယူခဲ့ ပေမယ့် ပြည်တွင်းမှာ ငွေလဲလှယ်နှုန်း ရုတ် တရက် ကျဆင်းသွားတဲ့အတွက် ပဲဈေးလည်း ကျဆင်းသွားတာ ဖြစ်ပါတယ်။ ရုတ်တရက် ကျဆင်းသွားတဲ့ အမေရိကန်ဒေါ်လာဈေးကို ထိန်းချုပ်တဲ့ အနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် က အမေရိကန် ဒေါ်လာ သန်း ၃၀ ဖိုး ဝယ်ယူတဲ့အတွက် ငွေဈေးတွေပြန်တက်လာပြီး ပဲဈေးတွေလည်း ပြန်လည်မြင့်တက် လာပါတယ်။ နိုဝင်ဘာလကတည်းက အိန္ဒိယက ပဲဆက်တိုက် ဝယ်ယူနေတဲ့ အတွက် တစ်တန်ကို ကျပ် တစ်သိန်းခွဲကျော် ဈေးတက်တဲ့ မတ်ပဲက ဒီတစ်ပတ်မှာ တစ်တန်ကို ကျပ် ၇၉၉၀၀၀ ဈေးနှုန်းပြန်လည် ကျဆင်းသွားပါတယ်။ မုံရွာ ကုန်စည်ဒိုင်မှာ မတ်ပဲ တစ်တင်းကို ကျပ် ၂၄၅၀၀ ရှိပြီး ငွေကျပ် ၄၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော် ကုန်စည်ဒိုင်မှာ မတ်ပဲတစ်တင်းကို ငွေကျပ် ၂၈၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

### ပဲစင်းငုံနီ

ပဲစင်းငုံနီက ငွေဈေးအပြောင်းအလဲကြောင့် ရုတ်တရက်ဈေးကျဆင်းပေမယ့် နှစ်ရက်အတွင်း ဈေးပြန်တက်လာ ပါတယ်။ ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၇၉၀၀၀၀ အထိဈေးပြန်လည်ကျဆင်းသွားပါတယ်။ လက်ရှိ အိန္ဒိယကို ပဲစင်းငုံနီ တင်ပို့မှုက နေ့စဉ် ကွန်တိန်နာ ၁၀ လုံးလောက်သာ ရှိနေပါတယ်။ အရင်က အိန္ဒိယ အနေနဲ့ ပဲစင်းငုံနီဝယ်ယူမှုကို သိပ်ပြီး ဦးစားမပေးပေမယ့် သူတို့နိုင်ငံရဲ့ တစ်ရက်ထက် တစ်ရက် ဆိုးရွားလာတဲ့ ရာသီဥတုကြောင့် အထွက်နှုန်းကျဆင်း နိုင်တဲ့ ပဲစင်းငုံနီကို ဈေးပိုပေးပြီး ဝယ်ယူနိုင်ခြေတွေရှိတဲ့အတွက် ဈေးကဆက်ပြီး တက်နိုင်ခြေရှိတယ်လို့ ကုန်သည်တွေ က သုံးသပ်ထားပါတယ်။ သိုလှောင်ပဲတွေကလည်း ရှိနေတဲ့ အတွက် လက်ရှိမှာ ဦးစားပေးဝယ်ယူမှုက မတ်ပဲသာ ဖြစ်နေပြီး ပဲစင်းငုံနီဝယ်ယူမှုက မကြာခင် များလာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံနီ တစ်တင်းကို ကျပ် ၂၃၅၀၀ ရှိပြီး ကျပ် ၂၅၀၀ ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာ ပဲစင်းငုံနီ တစ်တင်းကို ကျပ် ၂၅၉၀၀ ရှိရာ ကျပ် ၈၀၀ ဈေးကျဆင်း သွားပါတယ်။



Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1425-

## ပဲအချို့ဈေးမြင့်တက်နေကြောင်း သိရ

အိန္ဒိယနိုင်ငံနှင့်ချုပ်ဆိုထားသည့် ပဲဝယ်ယူရေးစာချုပ်သက်တမ်း ကုန်ဆုံးသွားပြီ ဖြစ်သော်လည်း အိန္ဒိယကုန်သည်များက ဆက်လက်ဝယ်ယူမှုများရှိနေသဖြင့် ဈေးကွက်အတွင်း ပဲတချို့၏ဈေးနှုန်းများမြင့်တက်နေကြောင်း မန္တလေးကုန်စည်ဒိုင်ရှိ ကုန်သည်များ ထံမှ သိရပါတယ်။

အိန္ဒိယနိုင်ငံမှ မြန်မာ့ပဲမျိုးစုံကို ဝယ်ယူမည့်စာချုပ်သက်တမ်းမှာ နိုဝင်ဘာလအတွင်းက သက်တမ်းကုန်ဆုံးသွားခြင်းဖြစ်ပြီး အိန္ဒိယ ကုန်သည်များက ဆက်လက်ဝယ်ယူ နေဆဲဖြစ်သည့် အတွက် ပဲဈေးနှုန်းများ မြင့်တက်နေခြင်းဖြစ်ကြောင်း သိရပါတယ်။ ယခုရက်ပိုင်းအတွင်း ဈေးမြင့်တက်နေသည့် ပဲတချို့မှာ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့ဖြစ်ကြောင်း၊ လက်ရှိတွင် ဈေးကွက်အတွင်း မတ်ပဲ သုံးတင်းဝင် တစ်အိတ် လျှင် ငွေကျပ် ၈၅၀၀၀ မှ ၈၇၀၀၀ အတွင်း၊ ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၃၅၀၀ မှ ၈၅၀၀၀ ဝန်းကျင်၊ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀ မှ ၁၀၆၀၀၀ ဝန်းကျင် စသည့် ဈေးနှုန်းများဖြင့် အရောင်းအဝယ် ပြုလုပ် နေကြောင်း၊ မကွေးတိုင်းဒေသကြီး အတွင်းမှ ထွက်ရှိသည့် ပဲတချို့မှာလည်း ဈေးကွက်ထဲ ဝင်ရောက် နေပြီး မကြာမီ တရုတ်နိုင်ငံမှလည်း ပဲအဝယ် လိုက်လာနိုင်ဖွယ် ရှိကြောင်း သိရပါတယ်။



Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1414-beans.html?fbclid

## ချင်းရွှေဟော် နယ်စပ်စခန်းမှ ၂၀၁၈ ခုနှစ် ဒြောက်လအတွင်း ရော်ဘာတန်ချိန် ငါးထောင်ခန့် တင်ပို့ ထား

ချင်းရွှေဟော် နယ်စပ်စခန်းမှ ၂၀၁၈ ခုနှစ် ခြောက်လ(ဧပြီမှ စက်တင်ဘာ) အတွင်း ရော်ဘာ တန်ချိန် ငါးထောင်ခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ဒသမ၃၂၂ သန်းခန့် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ရှမ်းမြောက်ပိုင်းရှိ ရော်ဘာကဏ္ဍ တိုးတက်လာစေရန်အလိုက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ဧက လျော့ကျမှု မရှိစေရေး၊ အရည်အသွေး ကောင်းမွန်ကာ အထွက်နှုန်း တိုးတက်ရေးနှင့် ဈေးကွက်ခိုင် မာမှုအပြင် ဝယ်ယူမှုပါ ခိုင်မာမှု ရှိစေရေးအတွက် လာမည့် ဘဏ္ဍာရေးနှစ် တွင် နည်းပညာပေး သင်တန်းများကို စာတွေ့၊ လက်တွေ့နှင့် ဆွေးနွေးပွဲများ ပိုမို ဆောင်ရွက်သွားရန် ရှိကြောင်း သိရသည်။

၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင် ချင်းရွှေဟော်မှရော်ဘာတန်ချိန် ၆,၀၀၀ ကျော်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၆ ဒသမ ၇၁၈ သန်းခန့်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉ဒသမ၆၂၃ သန်းခန့်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၈,၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉၅၀ သန်း အသီးသီး ရရှိခဲ့သည်။

လက်ရှိ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရော်ဘာစိုက်ဧက လေးသောင်းခန့် အစေးတန်ချိန် တစ်သောင်းလေးထောင်ခန့် ထွက်ရှိပြီး ချင်းရွှေဟော်ဒေသတွင် ဘိန်းအစားထိုးသီးနှံအဖြစ် ပြောင်းအပြင် ရော်ဘာစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံ၊ မြောက်ပိုင်း မူဆယ်၊ နမ့်ခမ်းနှင့် ဟိုပန်မြို့နယ်များမှ ထွက်ရှိသည့် ရော်ဘာများကို တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

လက်ရှိ ချင်းရွှေဟော် နယ်စပ်စခန်းတွင် ရော်ဘာ RSS 3 တစ်တန်လျှင် ကျပ် ၁၇ သိန်းကျော်ရှိပြီး ယခင် အပတ်နှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ် ၁၃,၀၀၀ ကျော် ဈေးကျဆင်းသွားကြောင်း သိရသည်။ လက်ရှိတွင် မြန်မာ့ရော်ဘာကို တရုတ်၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ အိန္ဒိယသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: http://amiamyanmar.com/Detail.aspx?id=4678

## မြေပဲစိုက်တောင်သူများမှ စံပြစိုက်ကွက်အား ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးလိုပါက ဆီစက်ပိုင်ရှင်များ အသင်းသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်

မြေပဲအများဆုံးစိုက်ပျိုးရာ တိုင်းဒေသကြီးများတွင် တောင်သူများနှင့်ပူးပေါင်း၍ စံပြစိုက်ကွက်များစိုက်ပျိုးခြင်းအား ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်လိုပါက မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း အသင်း၏ ဥက္ကဌ က ပြောသည်။



လက်ရှိတွင် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းအနေဖြင့် မြေပဲစံပြစိုက်ကွင်းများကို မန္တလေး တိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ဧက ၅၀ ခန့် ၊ မြင်းခြံမြို့နယ်တွင် ဧက ၃၀၀ ခန့်၊ စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့နယ်တွင် ဧက ၃၀ ခန့်ကိုစိုက်ပျိုးလုပ်ကိုင်နေပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၊ ရှမ်းပြည်တောင်ပိုင်း ဘန်းယဉ်ကျေးရွာ၊ ကယာပြည်နယ်၊ ကရင်ကျေးရွာအုပ်စု ဆင်ဖြူကျေးရွာတို့တွင် ဘိန်းအစားထိုးသီးနှံအဖြစ် မြေပဲ စိုက်ပျိုးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "ဆီထွက်သီးနှံ စိုက်ပျိုးတဲ့ ဒေသတွေမှာ တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ Pilot project တွေ ခွဲပြီးတော့ စိုက်ပျိုးနေသလို မြေပဲစိုက်နည်းတွေ ရရှိအောင် ထိုင်ဝမ်နဲ့ တရုတ်ပညာရှင်တွေ ခေါ်ယူပြီးတော့ ဆွေးနွေးတာတွေ ဆောင်ရွက်ပေးနေသလို တောင်သူတွေကိုလည်း ပြည်ပခရီးတွေ စေလွှတ်ပြီးတော့ လေ့လာရေးခရီးတွေ စေလွှတ်သလို နောက်ထပ်လည်း စေလွှတ်နိုင်ဖို့ ဆောင်ရွက် နေတယ်" ဟု ပြောသည်။

ယင်းအပြင် ပြည်တွင်း ဆီနှင့်ဆီထွက်သီးနှံဖူလုံရေး၊ ကျမ်းမာရေးနှင့် ညီညွတ်သော အရည်အသွေးမီ စားသုံးဆီများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ပြည်တွင်းဆီစက်များ၏ လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာစေရေး တို့အတွက် ရည်မှန်းချက်ထား ဖော်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။ ထို့ပြင် မြေပဲ စိုက်ပျိုးရေးမှ စိုက်ပျိုးတောင်သူများ၏ အဓိကလိုအပ်ချက်များဖြစ်သော မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်ပျိုးနည်းပညာကောင်းများရရှိရေး၊ စွမ်းအားပြည့် စက်ကိရိယာများ သုံးစွဲနိုင်ရေး၊ ထိရောက်သော သွင်းအားစုများ သုံးစွဲနိုင်ရေးနှင့် ဈေးကွက် အာမခံချက်ရရှိနိုင်ရေးတို့အတွက် စိုက်ပျိုးတောင်သူများအား ပံ့ပိုးကူညီမှုများလုပ်ဆောင်ပေး သွားမည်ဖြစ် ကြောင်း သိရသည်။

လက်ရှိတွင် ကသာခရိုင်အတွင်း၌ ဆီထွက်သီးနှံစိုက်ဧက ကိုးသောင်းခွဲကျော် ရှိပြီး နှစ်စဉ် တစ်ဧက အထွက်နှုန်း တင်း ၄၀ ခန့်သာ ထွက်ရှိကြောင်း ကသာခရိုင်ရှိ ဒုတိယခရိုင်မှူး က ဆိုသည်။ " အသင်းဘက်ကနေ နည်းပညာ၊ စက်နဲ့ ငွေကြေး ပံ့ပိုးမှုတွေ လိုအပ်တယ်။ တောင်သူတွေကလည်း မြေပဲနဲ့ ပတ်သက်တာ အသင်းဘက်ကနေ ဆောင်ရွက် ပေးတာတွေကို လိုက်ပါဆောင်ရွက်ကြမယ်ဆိုရင် ဂင်ငွေတိုးပွား လာဖို့နဲ့ မျိုးစေ့လိုအပ်တာတွေ ဖြည့်ဆည်းလာနိုင်မှာ ဖြစ်တယ်" ဟု ၎င်းက ပြောသည်။ လက်ရှိ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးသည့် မြေပဲအမျိုးအစားများမှာ စိပန်၊ ရေဆင်း ၇၊ သိပ ၁၂၁၊ ထွန်တာနီ၊ ကျောင်းကုန်း၊ ဂျပန်ကြီး၊ ဆင်းပဒေသာ( ၇၊၈၊၉) မကွေးပင်ပြန့်နှင့် မကွေးမျိုး( ၁၀၊၁၁၊ ၁၂၊ ၁၃၊၁၅) မျိုးတို့ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် မြေပဲ အစိုက်များဆုံး စိုက်ပျိုးသည့် ဒေသများမှာ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့၊ မြောင်မြို့တို့ဖြစ်ကြပြီး ဧရာဝတီတိုင်းဒေသကြီး၊ အင်ပင်မြို့၊ ကြံခင်းမြို့၊ မြန်အောင်မြို့ စသည့် ဒေသများ၌လည်း စိုက်ပျိုးကြသည်။

source:http://amiamyanmar.com/detail.aspx?id=4677

## ကျောက်ငါးများ မွေးမြူသူ အဆင်ပြေ

ပင်လယ်မှဖမ်းယူရရှိသည့် ကျောက်ငါးများကို သဘာဝနည်းအတိုင်း မွေးမြူပြီး ပြည်ပသို့ တင်ပို့မှုများ ရှိလာ သည့်အတွက် ကျောက်ငါးမွေးမြူသူများ အဆင်ပြေလျက် ရှိကြောင်း ပုသိမ်မြို့နယ် ချောင်းသာ ရွှေသောင်ယံရှိ ကျောက်ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူထံမှ သိရသည်။ ကျောက်ငါးများကို သဘာဝ အလျောက် မွေးမြူရာတွင် ငါးသားပေါက် စုဆောင်းရသည့် အခက်အခဲ

အနည်းငယ်ရှိသော်လည်း မွေးမြူပြီး ခြောက်လခန့်ကြာမြင့်ပါက ရောင်းတမ်းဝင်သော အရွယ်အစားသို့ ရောက်ရှိလာ သည့်အတွက် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ ကြကာ ထိုမှတစ်ဆင့် ပြည်ပသို့ တင်ပို့ ရောင်းချခြင်းဖြစ်သည်။"ကျောက်ငါးကို သဘာဝအလျောက် ကန်ချပြီးမွေးတယ်။ စမွေးရင် ခြောက်လ အချိန်ယူရတယ်။ ခြောက်လအတွင်းမှာ အစာကို နှစ်ရက် တစ်ကြိမ် ပုံမှန်ကျွေးရတယ်။ ဈေးကပြည်ပတင်ပို့မှုပေါ် မူတည်ပါတယ်။ ပြည်ပတင်ပို့မှု အကျိုးအမြတ်ကတော့ ငါးအသေအပျောက်နည်းရင် ပိုရတယ်။ တင်လို့ရတဲ့ဆိုဒ်က ခန့်မှန်းခြေ အကောင် ၁၀၀ ဆိုရင် ကီလို ၅၀ လောက် ရှိတယ်" ဟု ကိုဝင်းကို ကပြော သည်။



ထိုသို့ သဘာဝအတိုင်း မွေးမြူကာ အကျိုးအမြတ်များစွာရရှိနိုင်သည့် ပင်လယ်ငါး၊ ပုစွန် များကို ရေရှည်တည်တံ့ ပြီး စားသုံးနိုင်ရန် ဖမ်းဆီးသော နည်းစနစ်များ ပြောင်းလဲရာတွင် သတ်မှတ်ထားသည့် ငါးဖမ်းကိရိယာများဖြင့်သာ ဖမ်းဆီးသင့်ကြောင်း၊ လက်ရှိတွင် ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရဇရိယာဟု သတ်မှတ်ထားသော်လည်း ရေလုပ်သားများအနေဖြင့် စားဝတ် နေရေး အတွက် ခိုးဖမ်းခြင်းများ ရှိကြောင်း သိရသည်။

ရေချိုငါးများကို နှစ်စဉ် ငါးသားပေါက်များ ထည့်ခြင်းအပြင် ငါးမွေးမြူရေးကန်များ ရှိသည့်အတွက် မျိုးသုဉ်း ပျောက်ကွယ်ရန် မစိုးရိမ်ရသော်လည်း ပင်လယ်ငါးများကို ထုတ်ယူစားသုံးမှုများသာ ရှိပြီး ပြန်လည်မွေးမြူသူ နည်းပါးသည့် အတွက် တစ်နှစ်ထက် တစ်နှစ် ရှားပါးလာခြင်း ဖြစ်ကြောင်း သိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1429-black-rock-fish.html?fbclid

## နိုင်ငံတကာဈေးကွက်

### တရုတ်နိုင်ငံ၏ ဆန်မျိုးစိတ်အသစ် စံချိန်တင်အထွက်နှုန်းဖြင့် ထွက်ရှိ



တရုတ်နိုင်ငံသည် ဒုတိယနှစ်အဖြစ် ဆန်အထွက်နှုန်း စံချိန်သစ်တင်လိုက် ပြန်သည်။ ယခုအခါတွင် ၁ ဟက်တာ (၂ ဒသမ ၄၇ ဧက)လျှင် ဆန်တန်ချိန် ၁၈ တန်ကျော် (တင်း ၇၀၀ ကျော်) ထွက်ရှိခဲ့သည်။ ဤသည်မှာ အိမ်နီးချင်း ဂျပန်နိုင်ငံမှ အထွက်နှုန်းထက် ၃ ဆ ခန့် ပိုများသည်။ အဆိုပါ စံချိန်မှာ တရုတ်နိုင်ငံမြောက်ပိုင်း ဟဲဘေးပြည်နယ်ရှိ စမ်းသပ်စိုက်ခင်းမှ ထွက်ရှိခဲ့ခြင်း ဖြစ်သည်။ စိုက်ပျိုးခဲ့သည့် စပါးမျိုးမှာ ရှမ်လျန်ယူး ၉၀၀ (Xiangliangyou 900) ဖြစ်သည်။ အဆိုပါ စိုက်ခင်းကို ဗီဇမြင့်စပါးများ၏ ဖခင်ဟု တင်စားခံရသော ယွမ်လွန်ပင် ဦးဆောင်သည် သုတေသနပညာရှင်များက စိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။

ထိုကဲ့သို့ စပါးအထွက်နှုန်း တိုးတက်ရေး စမ်းသပ်ချက်များမှာ ပြည်တွင်းစားသုံးမှုကို ပြည်တွင်းစိုက်ပျိုး သီးနှံများဖြင့်ပင် လုံလောက်စေရေး ကြိုးပမ်းမှုကို ပြသနေခြင်းဖြစ်ပါသည်။ အကယ်၍ ကမ္ဘာတွင် လူဦးရေအများဆုံး နိုင်ငံဖြစ်သော နိုင်ငံတစ်နိုင်ငံက အဓိက စားသုံးသီးနှံကို ပြည်ပမှချည်းသာ တင်သွင်းပါက ကမ္ဘာ့ဈေးကွက်တွင် လည်း ဈေးတက်လာ နိုင်စရာ ရှိသည်။

ထိုသို့ဖြစ်လာပါက တရုတ်နိုင်ငံကို ထိခိုက်နိုင်ပြီး နိုင်ငံသားများအနေဖြင့်လည်း နေ့စဉ် လိုအပ်သော အစားအစာကို ဝယ်ယူရန် အခက်အခဲရှိလာမည် ဖြစ်သည်။ ဈေးကွက်တွင် ဆန်ဈေး မြင့်လာနိုင်ခြင်းကြောင့် တရုတ်အစိုးရအနေဖြင့် စပါး၊ ဂျုံနှင့် အခြားသော အဓိက သီးနှံများကို ပြည်တွင်းစားသုံးမှု ဖူလုံနိုင်သည်အထိ စိုက်ပျိုးရေး မူဝါဒကို ခိုင်ခိုင်မာမာ ချမှတ် ဆောင်ရွက် ရတော့ သည်။ ယင်းအတွက်ကြောင့် စပါး တိုးချဲ့ စိုက်ပျိုးရန်ဆိုလျှင် စုစည်းရန်နှင့် ကျယ်ပြန့်စွာ လုပ်ကိုင် ဆောင်ရွက်ရန် လိုအပ် သည်။ Xiangliangyou 900 အနေဖြင့် တရုတ်နိုင်ငံ၏ ဝင်ငွေနည်း ပြည်သူများကို အစားအသောက် ဖလင်စွာ စားခွင့်ရ စေမည်ဖြစ်ပြီး စားနပ်ရိက္ခာဖူလုံစေမည် ဖြစ်သည်။ Source:http://amiamyanmar.com/Detail.aspx?id=4658

### အိန္ဒိယပြည်တွင်း အခြေအနေများက ကမ္ဘာ့ပဲဈေးကွက်ကို ရိုက်ခတ်မည်

ပဲအမျိုးမျိုးနှင့် ပတ်သက်လျှင် ကနေဒါနိုင်ငံ၏ ပဲစိုက်ပျိုးထုတ်လုပ်မှု များပြားကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မိ



ကြောင်း ကနေဒါနိုင်ငံရှိ Commodious Trading မှ ဒေးဗစ်နယူးမန်းက ပြောသည်။ "လူတိုင်းက ရောင်းချင်တယ်၊ ရောင်းစရာရှိနေတယ်ဆိုရင် အဲဒါ တွေ အကုန်ဝယ်မယ့်လူ ရှိပါစေလို့သာ ဆုတောင်းပေတော့"ဟု သူက ပြောသည်။ ယခုလက်ရှိ ပဲဈေးကွက်ကိုကိုင်ထားသည်မှာ ဆောင်းရာသီနှင့်နွေဦးရာသီအတွင်း အိန္ဒိယနိုင်ငံ၏ အခြေအနေ များ ဖြစ်ပြီး အိန္ဒိယမှာ ကမ္ဘာတွင် ပဲထုတ်လုပ်မှု အများဆုံး၊ ပဲစားသုံးမှု အများဆုံးနိုင်ငံဖြစ်ရာ အိန္ဒိယနိုင်ငံ၏ အခြေအနေများက ပဲဈေးကွက်ကို ရိုက်ခတ်သည်သာဖြစ်သည်။ "ပဲဈေးကွက်ကို အိန္ဒိယပြည်တွင်း အခြေအနေတွေက အမြဲတမ်းသက်ရောက် မှုရှိတယ်"ဟု နယူးမန်းက ပြောသည်။

လက်ရှိအိန္ဒိယ၏ ပဲကဏ္ဍမှာ မိုးခေါင်မှု၊ ယခုနှစ်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ ၏ အခြေအနေများ၊ အိန္ဒိယ ဗဟိုဘဏ်နှင့် အစိုးရတို့အကြား ငွေကြေးမူဝါဒအပေါ် သဘောထား ကွဲလွဲမှုများအပေါ် မူတည်နေသည်။ ထိုမတိုင်ခင် အိန္ဒိယနိုင်ငံတွင်

မိုးခေါင်ခဲ့ရာ ပဲများကို ပြည်ပမှ အများအပြား ဝယ်ယူတင်သွင်းခဲ့ရသည်။ ကနေဒါနိုင်ငံမှာလည်း အိန္ဒိယထံပဲရောင်းခွင့်ရခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ပါ သည်။ " သူတို့အများကြီးလိုတာ။ ကျွန်တော်တို့မှာ ရှိသမျှ အကုန်ဝယ်သွား တယ်။ ဒါပေမယ့် ဒါဟာ လည်း တစ်ခြားနေရာမှာ ရောင်းလို့မရနိုင်တဲ့ ဈေးမြင့်တဲ့ ကုန်တွေရှိနေတဲ့ လူတွေအတွက်တော့ ပြဿနာပေါ့ "ဟု နယူးမန်းကဆိုသည်။ ပြီးခဲ့သည့်နှစ်အတွင်းက အိန္ဒိယနိုင်ငံသည် ပဲများအပေါ် တင်သွင်းခွန်များ တိုးမြှင့်ကောက်ခံလိုက်သည်။ ထိုကဲ့သို့ တိုးမြှင့်ကောက်ခံခြင်းမှာ ဘာရတီယ ဂျာနာတာ ပါတီအနေဖြင့် မဲဆန္ဒရှင် အများစုဖြစ်သော လယ်သမားများ၏ မဲကို ရလိုသဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကနေဒါနိုင်ငံ ပဲထုတ်လုပ်သူများထံတွင် ရာသီပေါ် ပဲအများအပြားရှိနေသော်လည်း ၂၀၁၉ ခုနှစ်တွင် စိုက်ပျိုးမည့် ပမာဏကတော့ ကျသွားဖွယ်မရှိကြောင်း ၎င်းက ခန့်မှန်းသည်။ ပဲဈေးကွက်အရ အိန္ဒိယနိုင်ငံအပြင် တောင်အမေရိကနှင့် ဥရောပတို့မှာ ဈေးကွက်ကောင်းများဖြစ်သော်လည်း မြောက်အာဖရိကနှင့် တူရကီတို့မှ ကုန်သည်များကတော့ ငွေမချေဘဲနေတတ်သောကြောင့် မကောင်းသော ဈေးကွက်များဖြစ်သည်ဟု ဆိုသည်။

Source:http://amiamyanmar.com/Detail.aspx?id=4670

## ဆောင်းပဲအစား ဂျုံ ပြောင်းစိုက်ရန် အိန္ဒိယတောင်သူများ စိတ်ဝင်စားနေ

အိန္ဒိယနိုင်ငံတွင် မိုးစိုက်ပဲဈေးနှုန်းများ အစိုးရသတ်မှတ်နှုန်းအောက်ကျဆင်းနေသဖြင့် တောင်သူများသည် လက်ရှိဆောင်းသီးနှံရာသီအတွင်း ကုလားပဲ၊ ပဲရာဇ စသော ဆောင်းပဲများအစား ဂျုံကို ပြောင်းစိုက်ကြရန် စိတ်အား ထက်သန်နေသည်ဟု သတင်းများတွင် ဖော်ပြသည်။ ယခုနှစ်ရာသီတွင် ပဲမျိုးစုံထက် ဂျုံက ဈေးကောင်း ပိုရမည်ဟု တောင်သူများက ခန့်မှန်းထားသဖြင့် ပဲမျိုးစုံမှ ဂျုံဘက်ကို ပိုမို အလေးထား စိုက်ပျိုးလာခြင်းမှာ ရှောင်လွှဲ၍ မရသော အခြေအနေ ဖြစ်သည်။ လတ်တလော အိန္ဒိယပြည်တွင်းပဲဈေးနှုန်းများကလည်း တောင်သူ စိတ်ကြိုက် မဟုတ်ဘဲ မြေဆီအစိုဓာတ် နည်းပါးနေခြင်း နှင့် ငွေကြေးလည်ပတ်မှု အခက်အခဲများ ဖြစ်ပေါ်နေခြင်းတို့ကလည်း ဆောင်းပဲစိုက်ပျိုးရေးကို အားလျော့စေရန် ဖန်တီး လျက်ရှိသည်။ အဆိုပါအခြေအနေများကြောင့်ပင် အိန္ဒိယအဝန်း ဆောင်းသီးနှံစိုက်ဧရိယာသည် ဒီဇင်ဘာ ၇ ရက်နေ့အထိတွင် ဟက်တာ ၄၁၄ ဒသမ ၂၉ သိန်းသာ ရှိသေးပြီး ယခင်နှစ် အလားတူကာလနှင့် ယှဉ်ပါက ဟက်တာ ၂၇ ဒသမ ၂၇ သိန်း (သို့) ၆ ဒသမ ၁၇ ရာခိုင်နှုန်း လျော့နည်းနေကြောင်း အစိုးရ၏ တရားဝင် ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆောင်းသီးနှံများအနက် တောင်သူများ စိတ်ဝင်တစား စိုက်ပျိုးနေကြသော ဂျုံသည် ယခင်နှစ်က ဟက်တာ ၁၉၀ ဒသမ ၉၀ သိန်း ရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၁၉၄ ဒသမ ၄၉ သိန်းသို့ စိုက်ဧရိယာ တိုးတက်လာသည်။ သို့သော် ကုလားပဲ၊ ပဲရာဇ၊ စားတော်ပဲ စသော ထိပ်တန်း ဆောင်းပဲများ၏ စိုက်ဧရိယာမှာ ဟက်တာ ၁၁၃ ဒသမ ၆၉ သိန်းသာ ရှိနေသဖြင့် ယခင်နှစ် အလားတူအချိန် စိုက် ဟက်တာ ၁၂၆ ဒသမ ၇၈ သိန်းနှင့် ယှဉ်ပါက ၁၀ ဒသမ ၃၂ ရာခိုင်နှုန်း လျော့နည်းနေဆဲဖြစ်ကြောင်း တွေ့ရသည်။ ဆောင်းသီးနှံရာသီကာလသည် ယခုဒီဇင်ဘာလကုန်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း မြေဆီလွှာအစိုဓာတ်မှာ လိုအပ်သလောက်မရဘဲဖြစ်နေ၍ ဆောင်းသီးနှံလည်း စိုက်ဧကရော အထွက်နှုန်းပါ လျော့ကျသွားနိုင်သည်ဟု ခန့်မှန်းချက်များ ရှိနေသည်။ ထိုသို့ ဖြစ်လာမည်ဆိုပါက သီးနှံဈေးနှုန်းများ တဖြည်းဖြည်း တက်ရိပ်ပြန်ဖြစ်လာနိုင်၍ တောင်သူများက ၎င်းတို့သိုလှောင်ထား သောသီးနှံများကို တက်ဈေးတွင်မှ ပြန်လည် ရောင်းချရန် ထိန်းထားကြသည်။ ထို့ကြောင့်ပင် တောင်သူတို့၏ လယ်ယာသွင်းအားစုများ ဝယ်ယူဖြည့်ဆည်းနိုင်စွမ်းလည်း လျော့ကျကာ လာမည့်ဆောင်းသီးနှံ အထွက်နှုန်းအပေါ် ရိုက်ခတ်မှု ရှိလာမည်ဟု ယူဆရသည်။

Source:https://www.facebook.com/gromaxxmyanmar/?epa=SEARCH_BOX

## ၂၀၂၀ ပြည့်နှစ်တွင် တရုတ်က  အီသနောထုတ်လုပ်မှုကို သုံးဆမြှင့်တင်မည်

တရုတ်နိုင်ငံတွင် သန့်စင်လောင်စာဆီ ပြောင်းလဲသုံးစွဲမှုကြောင့် အီသနောလောင်စာဆီ ဝယ်လိုအားမြင့်တက်လာသဖြင့် အစိုးရသည် ၂၀၂၀ ပြည့်နှစ်အရောက်တွင် အီသနောထုတ်လုပ်မှုကို သုံးဆကျော်အထိ မြှင့်တင်သွားရန်ရှိကြောင်း အစိုးရသုတေသန တာဝန်ရှိသူတစ်ဦးက ပြောသည်။ တရုတ်နိုင်ငံသည် နှစ်စဉ် ဇီဝလောင်စာဆီ တန်ချိန် ၆ ဒသမ ၆ သန်း ထုတ်လုပ်နိုင်စွမ်းရှိမည့် အီသနောလောင်စာဆီစက်ရုံသစ်များ တည်ဆောက်ရေးနှင့်ခွင့်ပြုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တရုတ်အမျိုးသား ပြည့်ဖြိုးမြဲစွမ်းအင်ဌာနမှ သုတေသန ပညာရှင် Dou Kejun က လုပ်ငန်းအခမ်းအနားတစ်ခုတွင် ပြောသည်။ တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်က အီသနောလောင်စာဆီ ထုတ်လုပ်နိုင်မှု တန်ချိန် ၂ ဒသမ ၈ သန်းရှိခဲ့ကြောင်း ၎င်းကပြောသည်။ နိုင်ငံတစ်ဝှမ်း၌ ဓာတ်ဆီတွင် အီသနော မဖြစ်မနေရောနှောအသုံးပြုရေးကို အစိုးရက ယခင်နှစ်တွင် ထုတ်ပြန်ထားရာ ၎င်းစီမံချက်အရ နှစ်စဉ် ဇီဝလောင်စာဆီလိုအပ်မှု တန်ချိန် ၁၅ သန်းအထိ ရှိလာမည် ဖြစ်သည်။ တရုတ်နိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှုဖြင့် ဇီဝလောင်စာဆီလိုအပ်ချက် ဖြည့်ဆည်းနိုင်ဖွယ် မရှိသဖြင့် တရုတ်အခြေအနေကို ကမ္ဘာ့လောင်စာဆီဈေးကွက်ကြီးက စောင့်ကြည့်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ပြည်တွင်းအတွက် မြှင့်တင်ခြင်းဖြင့်  ၂၀၂၀ ပြည့်နှစ်ရောက်ချိန်၌ လိုအပ်လာမည့် ပမာဏနီးပါးကို ဖြည့်ဆည်းနိုင်ဖွယ်ရှိသည်ဟု Dou က ရိုက်တာသတင်းဌာနသို့ ပြောသည်။

အခမ်းအနားသို့တက်ရောက်လာသော အခြားပုဂ္ဂိုလ်များကမူ တရုတ်အနေဖြင့် အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး စသော ပြည်ပဈေးကွက်များထံမှ ဇီဝလောင်စာဆီ ပမာဏများစွာ တင်သွင်းရဖွယ်ရှိသည်ဟု ခန့်မှန်းသည်။ "အမေရိကန်နှင့် ဘရာဇီး အီသနောလုပ်ငန်းအတွက် အခွင့်အလမ်းကြီး ဖြစ်လာနိုင်ပါတယ်" ဟု တရုတ်နိုင်ငံ၊ အီသနောလုပ်ငန်းကြီးHenan Tianguan Group Co Ltd မှ

မန်နေဂျာ Feng Wensheng က ပြောသည်။ အနာဂတ်တွင် အီသနောလောင်စာဆီ အများစုကို သီးနှံမှထုတ်လုပ်ရဖွယ်ရှိ၍ အီသနော လုပ်ငန်းအနေဖြင့် ပြောင်းတင်သွင်းမှုကို အခွန်လျှော့ပေးရေးနှင့် သွင်းကုန်ခွဲတမ်းမြင့်တင်ရေးကို အစိုးရထံ တောင်းဆို သင့်ကြောင်း ၎င်းကပြောသည်။ မကြာသေးခင်က ခွင့်ပြုထားပြီး စက်ရုံများနှင့် ဆောက်လုပ်ဆဲ စက်ရုံများအပါအဝင် လက်ရှိအီသနော ထုတ်လုပ်အား မှာ တန်ချိန် ၃ ဒသမ ၃၈ သန်းရှိမည်ဟု Feng က ခန့်မှန်းသည်။ ၎င်းအနက် ပြောင်းအခြေပြု ထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၄၅ သန်း ဂျုံနှံကျင်ပါဝင်ပြီး ပီလောပီနံဖြင့် ထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၇ သန်း ပါဝင်နေကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ဒေသတချို့တွင် ဂျုံနှံစားပြောင်းနှင့် ဆန်တို့ကို အသုံးပြု၍လည်း အီသနော လောင်စာဆီ ထုတ်လုပ်လျက်ရှိကြသည်။

Source:https://www.thefarmermedia.com/news/11968

# ပြည်တွင်းကုန်သွယ်မှုသတင်း

## နိုင်ငံတော်အဆင့် ငါး၊ ပုစွန်၊ မွေးမြူရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းရေးဆွဲမည်

မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေးဆိုင်ရာ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် နိုင်ငံတော်အဆင့် ရေးဆွဲ မည့် စီမံကိန်းနှင့် ပက်သက်၍ ဆွေးနွေးပွဲတစ်ခုကို ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နိုင်ငံတော်အဆင့် ငါး၊ ပုစွန်၊ မွေးမြူရေး ရေရှည်ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စီမံကိန်းကို ဂျာမနီ အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ရေးဆွဲခြင်းဖြစ်ကြောင်း သိရ သည်။

ယင်းဆွေးနွေးပွဲတွင် ပညာရှင်များ၊ ငါးလုပ်ငန်း ဦးစီးဌာနအပါအဝင် မူဝါဒချမှတ်နိုင်သည့် အစိုးရတာဝန်ရှိသူများ၊ အခြား ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် သုတေသနပညာရှင်များ၊ NGO အဖွဲ့အစည်းများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ မွေးမြူရေးသမားများ၊ အစာထုတ်လုပ်သူများစသဖြင့် ယင်းလုပ်ငန်းကဏ္ဍတွင် ပါဝင်ပက်သက်နေသည့် လုပ်ငန်းများ အားလုံးပါဝင် ဆွေးနွေးသွားမည်ဖြစ် ကြောင်း သိရသည်။

ယခုရေးဆွဲမည့် စီမံကိန်းသည် မြန်မာနိုင်ငံအတွင်း တစ်ကြိမ်တစ်ခါမှ ရေးဆွဲခဲ့ခြင်းမရှိသည့် အမျိုးသားအဆင့် ငါး၊ ပုစွန် မွေးမြူရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်ပြီး၊ နိုင်ငံတကာအထောက်အပံ့ အကူအညီများကိုရယူကာ ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ရေးဆွဲမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲမှ ရရှိသည့် လုပ်ငန်းဆိုင်ရာ အချက်လက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရန်အတွက် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန် တွင် GIZ ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲဖိုရမ်များကို ကျင်းပလျက်ရှိပြီး ယခုအခါ ရန်ကုန် တိုင်းဒေသကြီးတွင် နိုင်ငံတော်အဆင့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ ချုပ်မှ သိရသည်။Source:http://www.amiamyanmar.com/detail.aspx?id=4668

## လာမည့် ၂၀၁၉ ခုနှစ်တွင် မွေးမြူရေးကဏ္ဍတွင် စီမံကိန်းကြီးများ စတင်မည်

မွေးမြူရေး စီမံကိန်းကြီးများ စတင်မည့် နှစ်ဖြစ်၍ လာမည့် ၂၀၁၉ ခုနှစ်တွင် မွေးမြူရေးကဏ္ဍတွင် ပို့ကုန်ဝင်ငွေ တိုးတက်လာနိုင် မည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြောသည်။ "၂၀၁၉ ခုနှစ် မြန်မာနိုင်ငံရဲ့ ငါးလုပ်ငန်း အလားအလာမှာ မွေးမြူရေးကဏ္ဍမှာ ငါး၊ ပုစွန်၊ မွေးမြူရေး လုပ်ငန်း တွေကို ခေတ်မီနည်းစနစ်တွေနဲ့ တိုးချဲ့ပြီး၊ စီမံကိန်းကြီးတွေ ရေးဆွဲအကောင်အထည် ဖော်နိုင်လို့ရှိရင် သိသိသာသာ တိုးတက်လာလိမ့်မယ်" ဟု ၎င်းကဆိုသည်။

ရေငန်ပုစွန်တွင် ပုစွန်ဖြူ မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ တိုးတက်လာနိုင်ပြီး၊ ငါးတွင် ငါးတန်ကို ကန်ကြပ်မွေး စနစ်ဖြင့် မွေးမြူ၍ ပြည်ပသို့ အသားလွှာအဖြစ်သော်လည်းကောင်း၊ အကောင်လိုက်သော်လည်းကောင်း တင်ပို့သည့် လုပ်ငန်းများ၊ တီလားပီးယား မွေးမြူထုတ်လုပ်သည့် လုပ်ငန်းများ၊ ကကတစ် ငါးမွေးမြူထုတ် လုပ်သည့်လုပ်ငန်းများ စသည်တို့ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ဆက်လက် ပြောဆိုသည်။ ထို့အပြင် ယင်းလုပ်ငန်းများနှင့် ဆက်စပ်၍ မဖြစ်မနေ လိုက်ပါဆောင်ရွက်ရမည့် ခေတ်မီသားပေါက်စခန်းများ၊ အစာစက်ရုံကြီးများ၊ မွေးမြူထွက်ရှိလာသည့် ငါး၊ ပုစွန်များကို ပြုပြင်ထုတ်လုပ်ကာ အအေးခဲပေးမည့် အအေးခန်းစက်ရုံကြီးများ၊ ပေါ်ပေါက် လာနိုင်မည်ဖြစ်သည်ဟု ဆိုသည်။ " ဒီပေါ်လာတဲ့ လုပ်ငန်းတွေကြောင့် ဝင်ငွေတွေတိုးတက်လာလိမ့်မယ်။ အထူးသဖြင့် ပြည်ပ ပို့ဖို့ ဦးတည်ဆောင် ရွက်တာဖြစ်တဲ့အတွက် ပို့ကုန်ဝင်ငွေတွေ တိုးတက်ပြီးရလာဖို့ ရှိတယ်။ နောက် ဒီလုပ်ငန်းသစ်တွေ အကောင်အ ထည်ဖော်တဲ့အတွက်ကြောင့် အလုပ်အကိုင် အခွင့်အလမ်းတွေ ဒီအပေါ်မှာ အများကြီးတိုးလာမယ်။ ထူးထူးကဲကဲ သိသိသာသာ ရလာမဲ့ အကျိုးကျေးဇူး တွေလို့ ထင်ပါတယ်။ ကျွန်တော်ထင်တယ်။ အဲဒီ ရလဒ်တွေကို ၂၀၁၉ နှစ်ကုန်ပိုင်းမှာ တိုးမြင့်ခံစားရမယ်လို့ သုံးသပ်ပါ တယ် " ကြောင်းသိရသည်။ သို့သော် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် အဓိက စိန်ခေါ်မှုပြဿနာမှာ အစိုးရ၏ မြေ ယာ ခွင့်ပြုချက်ရရှိ ရေးသာ ဖြစ်ကြောင်းသိရသည်။ အစိုးရမှ ခွင့်ပြုချက်ပေးရာတွင်လည်း ပွင့်လင်းရာသိဖြစ်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ငါး၊ ပုစွန်၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ပေးရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အစိုးရသို့ တင်ပြထားခြင်းဖြစ်ပြီး၊ အဆိုပါ စီမံကိန်း

များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဦးဆောင်၍ အများပိုင်ကုမ္ပဏီ ဖွဲ့စည်း ဆောင်ရွက် သည့်ပုံစံဖြင့် ဖော်ဆောင်သွားရန် စီစဉ်နေခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး၊ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်အနေဖြင့် နည်းပညာနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး တာဝန်ယူဆောင်သွားရွက်မည် ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် ယခုဘဏ္ဍာနှစ်၂၀၁၈ ခုနှစ် အောက်တို ဘာလ (၁) ရက်မှ နိုဝင်ဘာလကုန်အထိ နှစ်လအတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၄ သန်းကျော် ရရှိထားပြီး၊ ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၇ သန်းနီးပါးခန့် ပိုမိုတင်ပို့ထားသည်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။ မွေးမြူရေး စီမံကိန်းကြီးများအားလုံး အကောင်အထည်ဖော်နိုင်မည်ဆိုပါက ၂၀၁၉ ဘဏ္ဍာနှစ်သည် ငါး၊ ပုစွန် လုပ်ငန်းမှ ရရှိသည့်ဝင်ငွေသည် သိသိသာသာတိုးတက်လာနိုင်မည်နှစ် တစ်နှစ်ဖြစ်လာနိုင်ကြောင်း သိရပါသည်။source:http://www.amiamyanmar.com/detail.aspx?id=4663

## ပြည်ပမှ ငါးရောင်ငါးတင်သွင်းခွင့် ပိတ်ပင်ထားခြင်းကြောင့် ငါးခြောက်ဈေးကွက်တွင် ကုန်ကြမ်း ပြတ်လပ်၍ ဈေးနှုန်းမြင့်တက်

ငါးရောင်ငါးများ ပြည်ပနိုင်ငံများမှ တရားဝင်တင်သွင်းခွင့် ပိတ်လိုက်ခြင်းကြောင့် ပြည်တွင်းရှိ ငါးခြောက်ထုတ်လုပ်သည့် စက်ရုံများ ကုန်ကြမ်းရှားပါးလာကာ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းချနေသည့် ပွဲရုံများထံမှသိရသည်။ ဒီဇင်ဘာပထမပတ်အတွင်း ငါးရောင်ခြောက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ထိရှိခဲ့ရာမှ ယခုရက်ပိုင်းတွင်း ကျင်နှစ်သောင်းအထိ မြင့်တက်နေခဲ့ကြောင်း ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ငါးရောင်ငါးများကို ပြည်ပနိုင်ငံများမှ တင်သွင်းခွင့် ပိတ်လိုက်ခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ ပြည်ပနိုင်ငံမှ ငါးရောင်ငါးတင်သွင်းခွင့်ကို ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုထားသော်လည်း ယခုရက်ပိုင်းအတွင်း ပြည်ပမှငါးတင်သွင်းမှုကို ကုန်သွယ်ရေးပိုင်းမှ ခွင့်မပြုခဲ့သည့်အတွက်ကြောင့် ငါးခြောက်ထုတ်လုပ်သည့် စက်ရုံများတွင် ငါးရှားပါးသည့် အခြေအနေဖြစ်နေကြောင်း မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌက ပြောသည်။ ဒီငါးခြောက်က ဈေးကွက်မှာ အရမ်းရောင်းအားကောင်းတဲ့ ထုတ်ကုန်တစ်ခုပါ။ ပြည်တွင်းက ဖမ်းဆီးလို့ရတာနဲ့ မလုံလောက်လို့ ပြည်ပကနေ တင်သွင်းတယ်။ အရင်က အဆင်ပြေတယ်။ အခုမှ ပိတ်လိုက်တဲ့အခါကြတော့ ကျွန်တော်တို့ လုပ်ငန်းတွေ အခက်ကြုံနေရတယ်ဟု အဆိုပါ အသင်းမှ အတွင်းရေးမှူးက ‌‌ပြောသည်။

ယခုကာလသည် ငါးခြောက်ပြုလုပ်သည့် ရာသီချိန်ဖြစ်ပြီး ဈေးကွက်တွင် အဝယ်လိုက်သော ငါးရောင်းခြောက်များကို ပြည်တွင်းမှ ရရှိသည့် ထွက်ကုန်များဖြင့် ထုတ်လုပ်နေခြင်းဖြစ်ကာ ရာသီဥတု ဖောက်ပြန်မှုကြောင့် ပြည်တွင်း၌ ငါးရှားပါးလာသည့်အပေါ် ပြည်ပနိုင်ငံမှ ငါးတင်သွင်းကာ ငါးခြောက်ပြုလုပ်နေခြင်းဖြစ်ပြီး လက်ရှိတွင် ထုတ်လုပ်ရေးပိုင်းများ ခက်ခဲလာသည့်အပေါ် ဈေးကွက်တွင် ပုံမှန်ရောင်းချနိုင်ရေးအတွက် ပြည်ပမှ ငါးရောင်ကုန်ကြမ်းများ တင်သွင်းမှုကို ခွင့်ပြုပေးရန် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ အသင်းမှ တင်ပြထားကြောင်း သိရသည်။ ပြည်ပက ငါးရရင်ကျွန်တော်တို့ အဆင်ပြေတယ်။ ဒီကထွက်တဲ့ ကုန်ကြမ်းနဲ့က စက်ရုံတိုင်းကို မပေးနိုင်ဘူး။ လိုအပ်ချက်တွေရှိတယ်။ တရားဝင်တင်သွင်းပေးထားတုန်းက လုပ်ငန်းရှင်တွေအဆင်ပြေနေပြီး အခုလိုပိတ်လိုကတော့ မှောင်ခိုဈေးကွက်က ကြီးလာမယ်။ ဒါဆိုရင် နိုင်ငံလည်း အခွန်မရ၊ လုပ်ငန်းရှင်တွေလည်း ဈေးကြီးပေးဝယ်ရဆိုရင် နောက်ပိုင်းမှာ ငါးခြောက်ဈေးတက်လာမယ်။ စားသုံးသူနစ်နာတယ်ဟုပြောသည်။ ငါးရောင်ငါးများ တရားဝင်တင်သွင်းခွင့်ပိတ်ထားမှုကြောင့် လက်ရှိကာလတွင် မြဝတီနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်မှုများရှိလာကာ ရန်ကုန်ရွှေပိတောက်ငါးဈေးတွင် လေလံတင်ရောင်းချနေပြီး ကုန်ကြမ်း လိုအပ်ချက်ရှိသည့် လုပ်ငန်းရှင်များမှ ဈေးကြီးပေးဝယ်ယူနေရကြောင်း သိရသည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းတွင် ရှာပါးသော ငါးမျိုးစိတ်များကို ပြည်ပနိုင်ငံမှ တင်သွင်းခွင့်ပြုထားပြီး လုပ်ငန်းလိုအပ်ချက်ရှိသည့် ငါးများကိုလည်း ခွင့်ပြုပေးထားကာ ယခုနောက်ပိုင်းတွင် ကုန်သွယ်ရေးပိုင်းများ ပြန်လည်စိစစ်နေသည့်အတွက်ကြောင့် တရားဝင် တင်ပို့ခွင့်ကို ရပ်ဆိုင်းထားပြီး တင်သွင်းခွင့်များနှင့် ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနနှင့် ညှိနှိုင်းနေကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနစု ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။
source:https://www.thefarmermedia.com/news/11953

## စင်ကာပူသို့ သဲတင်ပို့ရန် ဟိုင်းကြီးကျွန်းနှင့် ဝေန်မြစ်ဝတွင် တူးဖော်ခွင့်ပြုထား

စင်ကာပူနိုင်ငံသို့ သဲ မက်ထရစ်တန် တစ်သန်းခွဲ (ကုဗ မီတာ တစ်သန်း) တင်ပို့ရန် Delta Gold ကုမ္ပဏီကို ဟိုင်းကြီးကျွန်း နှင့် ပုသိမ် (ငဝန်မြစ်) မြစ်ဝတွင် သဲတူးဖော်ခွင့် ပြုထားကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးကပြောသည်။
အဆိုပါကုမ္ပဏီကို ၂၀၁၆ တွင် စတင်ခွင့်ပြုထားခြင်းဖြစ်ပြီး ရာသီဥတု အခြေအနေနှင့် လူထုကို အသိပေးဆောင်ရွက် နေခြင်းကြောင့် ယခုအချိန်မှသာ ပြန် လည်တူးဖော်ခြင်းဖြစ်သည်ဟု ပြောပါသည်။ “သူတို့တူးနေတာလည်း ပင်လယ်ထဲမှာ။ မြေပြိုတာတွေမဖြစ် အောင်လုပ်ခိုင်းထားတယ်။ လက်လွတ်စပယ်တော့ မတူးခိုင်းဘူး။ ပြည်သူလူထုကိုလည်း ရှင်းပြခိုင်းတယ်” ဟု ၎င်းက ပြောသည်။ ဧရာဝတီတိုင်းအစိုးရအဖွဲ့ သည် သဲတစ်တန်လျှင် ကန်တစ် ဒေါ်လာခွဲဖြင့် စင်ကာပူနိုင်ငံသို့ သဲတင်ပို့ခွင့်ပြုထားပြီး အဆိုပါ လုပ်ငန်း

အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန၊ တစ်နှစ် ၂ ကြိမ် လိုင်စင်ထုတ်ပေးကာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ၂ နှစ်လျှင် တစ်ကြိမ် လိုင်စင်ထုတ်ပေးသည်ဟု သိရသည်။

စင်ကာပူသို့ သဲတင်ပို့ခြင်းကို တနင်္သာရီတိုင်းဒေသကြီးက စတင်ပြီး မြေပြိုမှုများကြောင့် အစိုးရက ရပ်တန့်ခဲ့ကာ သဲတင် ပို့ခြင်းက ပင်လယ်ကမ်းခြေများ ဆုံးရှုံးနိုင်၍ လူမှုအဖွဲ့အစည်းများက ကန့်ကွက်ထားသည်။ တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့နယ်ခွဲ ပြင်ဘုကြီး ကျေးရွာအနီး၌ Salt International ကုမ္ပဏီက မော်လဒိုက် နိုင်ငံသို့ သဲမက်ထရစ် တန်ချိန် ၆၄၂ သန်းကို တစ်တန်လျှင် ၀ ဒသမ ၃ ဒေါ်လာနှုန်းဖြင့် ရောင်းချ ရန် ကမ်းလှမ်းခဲ့သည်။ သို့သော် ဒေသခံများက လက်မခံ၍ လက်ရှိတိုင်းဒေသကြီး အစိုးရက ပယ်ချခဲ့သည်။ စင်ကာ ပူသည် နိုင်ငံနယ်နိမိတ်ချဲ့ထွင် ရန် ပြည်ပနိုင်ငံများမှ သဲတင်ပို့ခြင်း ခွင့်ပြုထားပြီး ကမ္ဘာပေါ်တွင် သဲအများဆုံး တင်သွင်းသည့်နိုင်ငံဖြစ်သည်။ source:http://www.7daydaily.com/story/145050

## သနပ်ခါးထုတ်ကုန် အရည်အသွေးနှင့် လုပ်ငန်းများ တိုးတက်လာစေရန် မြန်မာ့သနပ်ခါး အသင်းနှင့် HELVETAS Myanmar တို့ပူးပေါင်း ဆောင်ရွက်နေ

သနပ်ခါး ထုတ်ကုန်အရည်အသွေး တိုးတက်ရေးလုပ်ငန်းများအတွက် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းနှင့် HELVETAS Myanmar တို့ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့သနပ်ခါး ဈေးကွက်ဖွံ့ဖြိုးလာစေရန် ပြည်ပဈေးကွက်တင်ပို့နိုင်ရန်၊ ဇီဝထုတ်ကုန်အဖြစ် ရွေးချယ်ခြင်း၊ သနပ်ခါးကုမ္ပဏီများအား စင်ကာပူကုန်စည်ပြပွဲတွင် လေ့လာစေခြင်း၊ အင်္ဂလန်ရှိ ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်းများ ပို့ချခြင်း၊ သနပ်ခါးပွဲတော်များကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပနိုင်ရေးကူညီပေးခြင်း၊ သနပ်ခါး မျိုးရိုးဗီဇနှင့် ရိုးရာပညာများ ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်လုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ကြောင်းသိရသည်။ "သနပ်ခါး အရည်အသွေး အပါအဝင် လိုအပ်တာတွေကို မြို့နယ် ငါးမြို့နယ်ကို ကွင်းဆင်းလေ့လာဖို့ရှိတယ်။ သနပ်ခါး ထုတ်လုပ်မှုနည်းစဉ်တွေ ရေးဆွဲနိုင်ဖို့၊ ပြည်ပကို တင်ပို့နိုင်ဖို့နဲ့ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်မှာ တိုးတက်လာဖို့ ဒါတွေကို အသင်းကနေ ဆက်လက်ဆောင်ရွက် သွားမယ်" ဟု သနပ်ခါးအသင်း ဥက္ကဋ္ဌ က ပြောသည်။



HELVETAS Myanmar မှ သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် ၂၀၁၉ ခုနှစ်၏ ရန်ပုံငွေအဖြစ် အမေရိကန် ဒေါ်လာ ငါးသောင်းခန့် လျာထားသည့်အပြင် အသင်း၏ လုပ်ငန်းများ အောင်မြင်စေရန် ဆက်လက် အကောင်အထည် ကူညီသွားမည်ဖြစ်ကြောင်း၊ အသင်းနှင့် HELVETAS Myanmar မှတို့အကြား ပူးပေါင်းဆောင် ရွက်မှုကဏ္ဍများကို နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ HELVETAS Myanmar ၏ ဒေသတွင်း ဇီဝထုတ်ကုန်များ ကုန်သွယ်မှု စီမံကိန်းများကို ဆွစ်ဇာလန်နိုင်ငံ အစိုးရ၊ စီးပွားရေးဌာန၏ လှူဒါန်းမှုဖြင့် အရှေ့တောင် အာရှနိုင်ငံများ ဖြစ်သော ဗီယက်နမ်၊ မြန်မာနှင့် လာအို သုံးနိုင်ငံတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဇီဝထုတ်ကုန် ကုန်သွယ်မှုအခြေခံ ခုနှစ် ချက်ဖြင့် ဆောင်ရွက်နေကာ ထိုစီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိဖြစ်ပြီး သနပ်ခါးဇီဝ ထုတ်ကုန်များ ဖြစ်နိုင်ချေ လေ့လာခြင်း၊ ပို့ကုန် ဈေးကွက် ဆန်းစစ်အတည်ပြုခြင်း စသည်တို့ပါဝင်ကြောင်း သိရသည်။

အဆိုပါအသင်းကို သနပ်ခါး အများဆုံးထုတ်လုပ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ တောင်သူများ၊ သနပ်ခါးအလှကုန် ထုတ်လုပ်သော လုပ်ငန်းရှင်များနှင့် စုပေါင်း၍ ဖွဲ့စည်းထားပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သနပ်ခါးအသီးမှ နလုံးအားတိုးဆေး ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source:http://amiamyanmar.com/detail.aspx?id=5689

## အာဆီယံဈေးကွက်ထဲ ထပ်မံ ချဲ့ထွင်လုပ်ဆောင်မယ့်အပြင် ပြည်တွင်းဈေးကွက်မှာ အခိုင်အမာ နေရာယူနိုင်ဖို့ Oishi စီစဉ်

ထိုင်းဘီလျံနာ Charoen Sirivadhanabhakdi ပိုင်ဆိုင်တဲ့food and drinkကုမ္ပဏီတစ်ခုဖြစ်တဲ့ Oishi Group ကတော့ ယခုအခါ ယင်းရဲ့ ဈေးကွက်တွင်းဦးဆောင်မှုကို ဆက်ထိန်းနိုင်ဖို့အတွက် လာမယ့်နှစ်ကစလို့ရင်းနှီးမြှုပ်နှံမှု ပမာဏကို ၂၅ ရာခိုင်နှုန်းအထိ တိုးပြီး ဘတ် ၁ဘီလီယံအထိ သုံးစွဲသွားဖို့ စီစဉ်နေပါတယ်။ ယင်း ရင်းနှီးမြှုပ်နှံမှု ပမာဏရဲ့ ထက်ဝက်ခန့်ကို စားသောက်ဆိုင်တွေချဲ့ထွင်တဲ့ဘက်မှာ သုံးစွဲသွားမှာ ဖြစ်ပြီး ကျန်တာ တွေကိုတော့ အချိုရည်လုပ်ငန်းဘက်မှာ သုံးစွဲသွားမယ်ဆိုပြီး ယင်းလုပ်ငန်းစုရဲ့အမှုဆောင်အရာရှိချုပ် Nongnuch Buranasetkul က ပြောသွားပါတယ်။

"ထိုင်းအပါအဝင် အာဆီယံဈေးကွက်တွေထဲက ကျွန်တော်တို့ရဲ့ အစားအသောက်နဲ့အဖျော်ယမကာ လုပ်ငန်းတွေကိုလည်း အရှိန်ကောင်းကောင်းနဲ့ ချဲ့ထွင်သွားဖို့ရှိနေပါတယ်၊ သက်ဆိုင်ရာဈေးကွက်တွေရဲ့အကြိုက်၊ တောင်းဆိုမှုတွေနဲ့ အညီထုတ်ကုန်အသစ်တွေကို ဆန်းသစ် တီထွင်သွားဖို့ ရှိနေပါတယ်" ဆိုပြီး MrNongnuch က ပြောသွားပါတယ်။

"အာဆီယံဆိုတာကတော့ လူဦးရေ သန်း ၆၀၀ ကျော်နဲ့ အကြီးဆုံးသောဈေးကွက်ကြီးတစ်ခု ဖြစ်တယ်လေ၊ ဒီတော့ဒီ အလားအလာတွေ အများကြီး ရှိတဲ့ ဒီအာဆီယံဈေးကွက်ကိုအပြည့်အဝ အသုံးချသွားဖို့ ကျွန်တော်တို့ ကြိုးစားရမှာဖြစ်ပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောသွားပါတယ်။ ယင်းကုမ္ပဏီအနေနဲ့ လာမယ့်နှစ်မှာလည်း ထိုင်းနိုင်ငံ တစ်ပုမ်းစားသောက်ဆိုင်သစ် ၁၉ ဆိုင် အထိတိုးချဲ့ဖွင့်လှစ်သွားဦး မှာဖြစ်ကြောင်းလည်း သိရပါတယ်။

Source: https://www.bangkokpost.com/…/1…/oishi-to-defend-market-lead

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာ့ဆန်တင်ပို့မှုအထူးအခွင့်အရေး ရပ်၊ မရပ် ယခုလအတွင်း အီးယူအကြောင်းပြန်မည်

ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများသို့ မြန်မာ့ဆန်တင်ပို့မှုအတွက် ကုန်သွယ်မှုဆိုင်ရာ အထူး အခွင့်အရေး (GSP) သုံးနှစ်ခန့် ယာယီရပ်၊ မရပ်ကို အီးယူအဖွဲ့ဝင်နိုင်ငံများ မဲခွဲဆုံးဖြတ် ပြီးပါကဒီဇင်ဘာလအတွင်းအကြောင်းပြန်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် စပိန်နှင့် အီတလီနိုင်ငံတို့က ၎င်းတို့နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန် အတွက် GSP ကင်းလွတ်ခွင့်ပေးထားသည့် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့ကို သုံးနှစ်ခန့် ယာယီရပ်ဆိုင်းရန် တင်ပြခြင်း ဖြစ်သည်။ GSP ယာယီရပ်ဆိုင်းမည့်ကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်နိုင်သည့်အကျိုးဆက်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ နိုဝင်ဘာလ ၁၉ ရက်နေ့က အီးယူကော်မရှင်ထံ တင်ပြထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

အီးယူဘက်က မြန်မာ့ဆန်တင်ပို့မှု ကို GSP သုံးနှစ်ခန့် ယာယီရပ်ဆိုင်းပါက ပထမနှစ်တွင် ဆန်မက်ထရစ် တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ၁၂၅ ယူရို ကောက်ခံမည်ဖြစ်ပြီးကောက်ခံမည့်ဆန်အမျိုးအစားများနှင့် ပတ်သက်၍လည်း ဆက်လက် ဆွေးနွေး ရန်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ထံမှ သိရသည်။ "အီးယူကို ဆန်တင်ပို့နေတာ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေများတယ်။ ဒီလုပ်ငန်းတွေက တခြားဆန်တင်ပို့တဲ့နိုင်ငံတွေနဲ့ ယှဉ်ပြိုင်တင်ပို့နိုင်ဖို့ ခက်ပါတယ်။ အချိန်ကာလတစ်ခုတော့ ထပ်ပေးဖို့ လိုသေးတယ်" ဟု ယင်းအသင်းချုပ် အထွေထွေအတွင်းရေးမှူးက ဆိုသည်။ မြန်မာနိုင်ငံက အီးယူ ဈေးကွက်သို့ ဆန်နှင့် ဆန်ကွဲတန်ချိန် လေးသိန်းခန့် နှစ်စဉ် တင်ပို့မှုရှိကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ထံမှ သိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1413-myanma-rice.html?fbclid

## နိုင်ငံတကာ ဆန်အဝယ်ကျ၍ ဆန်တင်ပို့မှုမှ ကန်ဒေါ်လာသန်း ၁၇၀ ကျော် လျော့နည်း

တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ဆန်ဝယ်လိုအားကျ ဆင်းမှုကြောင့် ယခုနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၁၇၀ ကျော်လျော့နည်းသွားသည်။ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ စသောနိုင်ငံများမှ ဆန်ဝယ်ယူမှု လျော့နည်းသွားခြင်း၊ နယ်စပ်ကုန် သွယ်ရေးဖြင့်တရုတ်နိုင်ငံသို့တင် ပို့မှုလျော့ကျခြင်းတို့က ယခုနှစ် ဧပြီမှ နိုဝင်ဘာလကုန်အထိ ရှစ် လအတွင်း ပြည်ပဆန်တင်ပို့မှု တန်ချိန် ခုနစ်သိန်းကျော် လျော့ နည်းသွားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ကပြောသည်။

ပြည်ပဆန်တင်ပို့မှုလျော့ နည်းခြင်းကြောင့် ဝင်ငွေပမာဏ မှာ ယခုနှစ် ရှစ်လအတွင်း ကန်ဒေါ်လာ သန်း ၄၉၀ ကျော်ရရှိခဲ့ သည်။ ၂၀၁၇ ဧပြီမှ နိုဝင်ဘာလ ကုန်အထိ ပြည်ပဆန်တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၆၇၀ ခန့်ရရှိ ခဲ့သည်။ ၂၀၁၈ ဧပြီမှ ၂၀၁၉ မတ်လ အထိ တစ်နှစ်အတွင်းမြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု တန်ချိန်၂ ဒသမ ၅ သန်းခန့် ရှိမည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ က ခန့်မှန်းသည်။ ၂၀၁၇ ဧပြီမှ ၂၀၁၈ မတ်လအထိပြီးခဲ့သည့် နှစ်က မြန်မာနိုင်ငံမှ ပြည်ပဆန် တင်ပို့မှု တန်ချိန် ၃ ဒသမ ၆ သန်းကျော်ရှိခဲ့ပြီး သမိုင်းတစ် လျှောက်စံချိန်တင် ပြည်ပတင်ပို့ နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆန်ဈေးကွက်ကြီးတစ်ခုဖြစ်သော ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၁၇ နှစ်ကုန်ပိုင်းက ပြည်ပတင်ပို့ရန် ဝယ်လို အားမြင့်တက်ခြင်းကြောင့် ဆန်ကြမ်းဈေးဆက်တိုက်မြင့်တက်ခဲ့ပြီး ဈေးကွက်အတွင်း ဝယ်လိုအားထက် ရောင်းလိုအားကပိုများခဲ့သည် ဟုဆိုသည်။ "ပြည်ပပို့မယ့်သူတွေ ဈေးလျော့ပြီးဝယ်တာကြောင့် ဆန် ကြမ်းဈေးကလည်းကျနေတယ်" ဟု လက်ရှိဘုရင့် နောင်ဆန်ဈေး ကွက်တွင် ကြုံတွေ့နေရသည့် အခြေအနေကို ပြောသည်။ ဘုရင့်နောင် ဆန်ဈေးကွက်တွင် ပြည်ပတင်ပို့မည့် ၂၅ မှတ်ဆန်အမျိုးအစား ဆန်ကြမ်းတစ်အိတ် ဈေးနှုန်း ကျပ် ၁၉,၀၀၀ မှ ကျပ် ၁၈,၆၀၀ အကြား ဈေးဖွင့်သည်ဟု ၎င်းက ပြော သည်။ ပြည်ပတင်ပို့မည့် ဆန်ကြမ်း ဈေးကျဆင်းသော်လည်း လက်ရှိ အချိန်အထိ စပါးဈေး တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းခြောက်သောင်း ဝန်းကျင်တွင် ရှိနေသည်။

Source: http://www.7daydaily.com/story/145227

## အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် အာရှတိုက် ထိခိုက်ခဲ့ပြီး ကမ္ဘာ့ဖွံ့ဖြိုးမှုလျော့ကျနိုင်ဟု IMF ခန့်မှန်း

တရုတ်နှင့် အမေရိကန်တို့ကြား ကုန်သွယ်ရေးစစ်ပွဲကြောင့် အာရှတိုက်တွင် စီးပွားရေးဆိုင်ရာ ယုံကြည်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အပေါ် ထိခိုက်ခဲ့ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အကြီးတန်းအရာရှိတစ်ဦးက ပြောကြားပြီး ဇန်နဝါရီအတွင်း ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှု ခန့်မှန်းချက်ကို နောက်ထပ်လျှော့ချခန့်မှန်းရနိုင်ကြောင်း သတိပေးသည်။

IMF ၏ အာရှနှင့် ပစိဖိတ်ဌာန ညွှန်ကြားရေးမှူး ချန်ယောင်ရီးက ဂျပန်နှင့် တောင်ကိုရီးယားတို့သည် တရုတ်သို့ ကုန်တင်ပို့မှု အပေါ် မှီခိုနေရသဖြင့် ယင်းဒေသတွင်း၌ အထိခိုက်ဆုံးနိုင်ငံများ ဖြစ်နိုင်ကြောင်း ပြောကြားသည်။ "ရင်းနှီးမြှုပ်နှံမှုဟာ မျှော်လင့်ထားခဲ့တာထက် အများကြီး ပိုအားနည်းသွားခဲ့တယ်။ ကျွန်တော် ဆိုလိုတာက ယုံကြည်မှုလမ်းကြောင်းဟာ ကမ္ဘာ့စီးပွားရေးအပေါ် အထူးသဖြင့် အာရှနိုင်ငံတွေရဲ့ စီးပွားရေးအပေါ် ထိခိုက်ခဲ့ပြီး ဖြစ်တယ်"ဟု ရီးက ပြောသည်။ အောက်တိုဘာက မိမိတို့ ခန့်မှန်းသော အတိုင်းအတာထက် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အနည်းငယ် ပို၍ နှေးကွေးနေသည်ကို မြင်တွေ့ရကြောင်း ၎င်းက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောသည်။

တရုတ်ကုန်သွယ်ရေး စစ်ပွဲမှ ထွက်ပေါ်လာနိုင်သော အခြေအနေများကြောင့် IMF က ၂၀၁၈ နှင့် ၂၀၁၉ ၂ နှစ်စလုံးအတွက် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှု ခန့်မှန်းချက်ကို ၃ ဒသမ ၇ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းခဲ့သည်။ ဇူလိုင်က IMF ၏ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှု ခန့်မှန်းချက် ၃ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်။ အာရှ၏ စီးပွားရေးဖွံ့ဖြိုးမှု ယခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်း ရှိမည်ဟု IMF က ခန့်မှန်းထားပြီး လာမည့်နှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ ဇန်နဝါရီအတွင်း အာရှအပြင် ဥရောပနှင့် အမေရိကန်တို့၏ ဖွံ့ဖြိုးမှုခန့်မှန်းချက်ကို လျှော့ချရနိုင်ခြေ ရှိနေကြောင်း ရီးက ပြောသည်။



Source:http://www.7daydaily.com/story/145044

## မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်ရေး ဆွေးနွေး

စစ်တွေ-မောင်တောဘင်္ဂလားဒေ့ရှ်နိုင်ငံ တိုက်ရိုက်ကုန်သွယ်မှုနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ယုံကြည်မှုတည်ဆောက်ပြီး ကုန်သွယ်မှုတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေးမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလား ဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Manjurel Karim Khan Chowdhury ဦးဆောင်သောအဖွဲ့က ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသံအမတ်ကြီးသည် ဒီဇင်ဘာ ၁၈ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ကုန်သွယ်မှုကို စစ်တွေနှင့် မောင်တောနယ်စပ်စခန်း များတွင် ဆောင်ရွက်နေပြီး ကုန်သွယ်ရာ၌ ကုန်သည်အချင်း ချင်းယုံကြည်မှုဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကုန်သည်များက ပြောသည်။ "တစ်ဖက်ကုန်သည်နဲ့ ယုံကြည်မှုနဲ့သာ ဆောင်ရွက်နေရတယ်။ ကုန်သည်အချင်းချင်း အရောင်းအဝယ် စာချုပ်ချုပ် ဆိုပြီး မလုပ်နိုင်သေးဘူး။ စာချုပ်နဲ့လုပ်နိုင်ရင် ကုန်သည်တွေအတွက် ပိုကောင်း တယ်။ အခုက ယုံကြည်မှုနဲ့လုပ်ရတာက ခိုင်မာမှုမရှိဘူး" ဟု မောင်တောမြို့နေ ကုန်သည်တစ်ဦးက ပြောသည်။ သံအမတ်ကြီးက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေရှည်ဖွံ့ဖြိုး တိုးတက်ရန် စီးပွားရေးကဏ္ဍပိုမို တိုးတက်ရေး အလားအလာ ရှိသော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်သွယ်မှု များနှင့် နှစ်နိုင်ငံ သဘောတူညီချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မောင်တော ကညင်ချောင်း စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူး ပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် အခွန်စည်းကြပ်မှု လျှော့ပေါ့ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးခဲ့ ကြောင်း ပြည်နယ် အစိုးရအဖွဲ့က သတင်းထုတ်ပြန်သည်။ Source: http://7daydaily.com/story/145233

## ပြင်သစ်ကုမ္ပဏီက ပလောင်လက်ဖက် ဝယ်ရန်ကမ်းလှမ်း

ပြင်သစ်နိုင်ငံအခြေစိုက် လက်ဖက်ကုမ္ပဏီ Palais Des Thes က ပလောင်ဒေသထွက် လက်ဖက်ဝယ်ရန် ဆွေးနွေး ကမ်းလှမ်းမှုများရှိကြောင်းပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းထံမှ သိရသည်။ အဆိုပါကုမ္ပဏီ၏ ဥက္ကဋ္ဌက ပလောင်ဒေသတွင်လာရောက်ကာ လက်ဖက်အချို့ကို ချက်ချင်းဝယ်ယူရန် ဆောင်ရွက်သော် လည်း ယခုနှစ်အတွက် လုံလောက်ခြင်း မရှိသောကြောင့် လာမည့်နှစ် မတ်လနှင့် မေလတို့တွင် ဝယ်ယူရန် ကမ်းလှမ်း ထားကြောင်း ယင်းအသင်း၏ အတွင်းရေးမှူးက ပြောကြား သည်။ လက်ရှိတွင် ချက်ပြည်သူ့သမ္မတနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့သို့ လက်ဖက်များ တင်ပို့ရောင်းချနေပြီး ယခု ပြင်သစ်နိုင်ငံမှာ ဈေးကွက်အသစ်ဖြစ်ကြောင်း ၎င်းက ပြောဆို သည်။

ပြင်သစ်လက်ဖက်ကုမ္ပဏီသည် ပြင်သစ်သမ္မတနန်းတော် ကမ္ဘာ့နာမည်ကြီး ဖိမ်ခံဟိုတယ်နှင့် နိုင်ငံတကာ အဆင့်မြင့် လေကြောင်းလိုင်းများတွင် လက်ဖက်ခြောက်များရောင်းချနေသည့် ကုမ္ပဏီဖြစ် ကြောင်း၊ ပလောင်ဒေသထွက် လက်ဖက်များကို ၎င်းတို့ကဝယ်ပြီး ပြန်လည်ရောင်းချကာ ကြော်ငြာပေးခြင်း၊ ပြင်သစ်မီဒီယာများခေါ်လာကာ မှတ်တမ်း ရုပ်ရှင် (Docu-mentary) ရိုက်ပေးခြင်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူ များ အသင်းထံမှ သိရသည်။ ပြည်တွင်းလက်ဖက်အချိုခြောက်ဝယ်လိုအားမှာ တစ်နှစ်လျှင် တန်ချိန် ၂ သောင်းကျော် လိုအပ်လျက်ရှိပြီး ပြည်တွင်း လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန်ချိန် ၆ ထောင်မှ ၈ ထောင်သာရှိကာ ဈေးကွက်သဘောအရ ဝယ်လိုအားကို မမီခြင်းကြောင့် ပြည်ပလက်ဖက်များ ဈေးကွက်ရနေခြင်းဖြစ်ကြောင်း၊ ပြည်ပကိုလည်း တင်ပို့မည်ဆိုပါက ထုတ်လုပ်မှု ပိုမိုလိုအပ်မည် ဖြစ်ကြောင်း

လက်ဖက်စိုက်ပျိုးသူများကဆိုသည်။ မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးသော ဧကနှစ်သိန်းကျော်ရှိပြီး တစ်နှစ်လျှင် လက်ဖက်ခြောက် တန်ချိန်လေးသောင်းကျော် ထုတ်လုပ်လျက်ရှိသည်။

Source: The voice

## အထူးဆောင်းပါးများ

### ရေနံဈေးကွက် ဘယ်လို ဆက်ရှိနိုင်သလဲ?

ယခုနှစ် ၂၀၁၈ ထဲမှာတော့ ရေနံဈေးကွက်သည် အလွန်အမင်း ကသောင်းကနင်းဆန်ခဲ့သည်ဟု ဆိုရမည်။ ၄နှစ် အတွင်း အမြင့်ဆုံးဈေးအထိ စံချိန်တင် မြင့်တက်ခဲ့တာလည်းရှိခဲ့သလို တရက်တာ အလိုက် အကျအများဆုံး စံချိန်တင်ခဲ့တဲ့ နေ့ရက်မျိုးတွေလည်း ရှိခဲ့သည်။ ပထဝီနိုင်ငံရေး အဖြစ်အပျက်များ၊ ဘဏ္ဍာရေး အရင်းအမြစ်ရွေ့ပြောင်းမှု အနေအထားတို့နှင့် ရေနံဝယ်လိုအား၊ရောင်းလိုအား မတည်ငြိမ်မှု အနေအထားတို့ကရေနံဈေးကွက်ကို များစွာလွှမ်းမိုးမှု ရှိစေခဲ့သည်။ရေနံဈေးကွက်ကို လွှမ်းမိုးနိုင်သည့် အထဲ၌ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ တွစ်တာမှာ ရေးတဲ့ တွစ်စာသားများတို့က အဓိက အလွှမ်းမိုးဆုံးနေရာ၌ ရှိနေပါသည်။

၂၀၁၉ထဲမှာလည်း အထက်က အတိုင်းဘဲ ဆက်၍ရှိနိုင် ဖွယ်ရှိသည့် အနေအထားဖြစ်သည်။ ရေနံ ထုတ်လုပ်မှု ပမာဏတွေ ပိုလျှံလာမှုနှင့် ရေနံဝယ်လိုအားတွေ လျော့ကျလာမှုတို့သည်က ရေနံဈေးကို စံချိန်တင်ကျဆင်းစေခဲ့သည်။ရေနံဈေး ဆက်တိုက်ကျဆင်းစေမှုကို ထိန်း ညှိဖို့ရန်အတွက် ရေနံထုတ်လုပ်တင်ပို့နိုင်ငံများအဖွဲ့ (OPEC)နှင့် ရုရှားလို အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံများတို့ ဗီယင်နာမြို့၌ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအစည်းအဝေးတခု လုပ်ခဲ့ပြီး ရေနံဈေး အကျကို ထိန်းဖို့အတွက် ရေနံ ထုတ်လုပ်မှုပမာဏကို လျော့ချဖို့ရန်အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ပထမနေ့တရက်တာလုံး ဆွေးနွေးညှိနှိုင်းမှု သဘောတူညီချက်မရရှိခဲ့ဘဲ ပြီးဆုံးခဲ့သည်။ အဲဒီအခြေအနေက နောက်နေ့၌ ရေနံဈေးကို ထိုးစိုက်ကျဆင်းစေခဲ့သည်။ အဲဒီတရက်တာ အစည်း ဝေးပြီးနောက် ဆော်ဒီ စွမ်းအင်ဝန်ကြီးက OPEC အစည်း ဝေး တရက်တာ အပြီးနောက်သဘောတူညီချက် မရရှိခဲ့ဘဲ ဆက်၍ဆွေးနွေးဖို့လိုနေသေးကြောင်းမီးလောင်ရာ လေပင့် ပြောကြားခဲ့သည်။

OPEC အစည်းဝေး ပထမနေ့ပြီး နောက်နေ့၌ရုရှားစွမ်းအင်ဝန်ကြီး Alexander Novakက ဗီယင်နာအစည်းဝေးသို့ ရောက်ရှိ လာပြီးနောက် အီရန်ဝန်ကြီးနှင့် ဆော်ဒီဝန်ကြီးတို့ ကို သီးသန့် တွေ့ဆုံခဲ့သည်။ အဲဒီနောက်တော့ OPEC အဖွဲ့ဝင်နိုင်ငံများတို့နှင့် အစည်း အဝေးမှာ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့ပြီး မိမိတို့လို OPEC အဖွဲ့ဝင်မဟုတ်ကြတဲ့ ရေနံ ထုတ်လုပ်တင်ပို့နိုင်ငံတွေဘက်က တရက် ထုတ်လုပ်မှု စည်ပေါင်း၄သိန်း ကိုလျော့ချဖို့ရန် နှင့် OPEC ကတရက်လျှင် ထုတ်လုပ်မှု စည်ပေါင်း ၈သိန်း အထိလျော့ချဖို့ရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

OPEC က အောက်တိုဘာထုတ်လုပ်မှု ပမာဏ ရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းအထိလျော့ချဖို့ရန် လက်ခံသဘောတူခဲ့သည်။ အီရန် ကိုတော့ အမေရိကန်ရဲ့ Sanction လုပ်မှု ခံနေရလို့ ထုတ်လုပ်မှု လျော့ချသည့် အထဲ ချွင်းချက်ပေး ခဲ့သည်။ non-OPEC နိုင်ငံများတို့က ၂ ရာခိုင်နှုန်းအထိ ထုတ်လုပ်မှု လျော့ချရန် သဘောတူခဲ့ကြသည်။ OPEC အစည်းဝေး၌ ရုရှားသည် အဓိက အခရာ အကျဆုံးအဖြစ် ရှိခဲ့သည်။ ရုရှားကသာထုတ်လုပ်မှု မလျော့ချ ခဲ့ပါက အခုလို ထုတ်လုပ်မှု လျော့ချရေးဆိုတာ ဖြစ်မလာနိုင်ပါ။

ရေနံထုတ်လုပ်မှုလျော့ချရေးကို နောက်နှစ် ဧပြီလမှာပြန်လည် သုံးသပ်မည်ဖြစ်သည်။ ဆက်၍ လျော့သင့်၊ မလျော့သင့်၊ ဆိုသည်ကို ချင့်ချိန် သုံးသပ်ကြမည်ဖြစ်သည်။ အဲဒီအချိန်ကာလ သည် အမေရိကန်က အီရန်ရေနံ များတို့ကို ယာယီဝယ်ယူခွင့် ချွင်းချက် ပေးထားသည့် နိုင်ငံ ၈ နိုင်ငံ တို့ကို ခွင့်ပြုထားသည့်သက်တမ်းကာလ ပြည့်မည့်အချိန်နှင့်တိုက်ဆိုင်နေပါသည်။ ရေနံဈေးကွက် အနေအထားကို ကြည့်ပြီး OPEC နှင့် non-OPEC နိုင်ငံများတို့က လက်ရှိရေနံ ထုတ်လုပ်မှု လျော့ချရေးကို ဆက်၍ လုပ်သင့်၊ မလုပ်သင့်၊ ဆုံးဖြတ် သုံးသပ်မည်ဖြစ်သလို၊ အမေရိကန်သမ္မတဘက်ကလည်း အီရန် ရေနံ ဝယ်ယူမှု ချွင်းချက်ပေးခြင်းမျိုးကို ဆက်၍ ခွင့်ပြုခြင်းလုပ် သင့်၊ မလုပ်သင့်၊ ဆုံးဖြတ်ရမည့်အချိန်ဖြစ်သည်။ အီရန်၊ အီရတ်၊ ဆော်ဒီ၊ အမေရိကန်နှင့်ရုရှားတို့သည်က ရေနံဈေးကွက်ရဲ့အဓိကဇာတ် ကောင်များ အဖြစ် ၂၀၁၉ ထဲမှာဆက်၍ ရှိနိုင်ဖွယ်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ရေနံဝယ်လိုအားကတော့ ၂၀၁၉ ထဲမှာ ကျဆင်းဖို့ရှိနေသည်။ ကမ္ဘာ့နေရာအနှံ့ စီးပွားရေး တန့်ရပ်နေးကွေး လာမှုသည်က ထုတ်လုပ်မှုကဏ္ဍ ၌ ရေနံဝယ်လိုအားကို ကျဆင်းစေနိုင်သည်။ ကမ္ဘာ့ စီးပွားရေး ညွှန်းကိန်းများတို့သည်က အောက်ဘက် သာ မျက်နှာမူထားကြသည်က များကြသည်။ ရေနံဝယ်လို အားကျဆင်းမှုကြောင့် ရေနံဈေးထိုးမကျအောင် ချိန်ညှိပေးနိုင်သည့် အကြောင်းအချက်အဖြစ် တရုတ်လို ပို့ကုန်ဦးစားပေးနိုင်ငံများတို့က ရေနံဈေးနှုန်းအကျမှာ ဝယ်ပြီး သိုလှောင်ထားမှုမျိုးလုပ်နိုင်မှုပင်ဖြစ် သည်။ နိုဝင်ဘာ ၅ရက်နေ့က စပြီး အီရန်ဆီမှ ရေနံ ဝယ်ယူခွင့် (ချွင်းချက်) ၇ နိုင်ငံ ၈ နိုင်ငံ တို့ အပေါ်ရက် ၁၈၀ ပြည့်ပြီးနောက် ထရမ့် က ဆက်၍ ဝယ်ယူခွင့် တိုးမြှင့်ပေးခြင်း လုပ်၊ မလုပ်သည် ရေနံဈေးကွက်ကို များစွာ လွှမ်းမိုးမှု ရှိနေမည်။ နိုဝင်ဘာစာရင်းအရတော့ အီရန် ရေနံတင်ပို့နိုင်မှုပမာဏ တရက်လျှင် စည်ပေါင်း ၁ ဒသမ ၁၅သန်းအထိ စံချိန်တင်မြင့်ခဲ့ပြီး ၂၀၁၉ထဲမှာတော့ ကျဆင်းနိုင်ချေ ရှိသည်။ ဧပြီလမှာ အမေရိကန်က အခုလိုချွင်းချက်ပေးမှုမျိုးကို မလုပ်တော့ဘဲ အီရန် ရေနံ တင်ပို့မှု အားလုံးကို ဘက်ပေါင်းစုံကနေ တားဆီးပိတ် ဆို့မှု လုပ်နိုင်ပါသည်။ အမေရိကန်က မိမိတို့ အတွက် အကျိုးရှိမည်၊ အကျိုးပြုနိုင်မည်လို့ ယူဆပါက Sanction ထုတ်မှု ကို ကမ္ဘာ့ဥပဒေ မျိုးအဖြစ် ပြဋ္ဌာန်းတည်စေသည့် နိုင်ငံမျိုးဖြစ်သည်။ အမေရိကန်ရဲ့Sanction ထုတ်မှုသည် လက်ရှိအနေအထားအရ ကမ္ဘာ့နိုင်ငံများတို့ အနေဖြင့် ကမ္ဘာ့ဥပဒေလို လိုက်နာနေကြရသည်။ ဟွာဝေးကုမ္ပဏီရဲ့ CFO အား ကနေဒါ၌ ဖမ်းဆီးခဲ့တာဘဲကြည့်ပါ။ အဲဒီတော့ အမေရိကန်က အီရန် ရေနံများကို ဈေးကွက်မှ ပျောက်သွားအောင်လုပ်ဖို့ဆိုတာလည်း သူတို့ လုပ်ချင်ပါက လုပ်နိုင်စွမ်းရှိကြသည်။

ရက် ၁၈၀ ချွင်းချက်ပေးကာလ ကုန်ဆုံးပြီးနောက် WTI ရေနံဈေးက $70အထက်နှင့် Brent ရေနံဈေးက $80အထက် မြင့်တက်နေပြီး ထရမ့်က ဈေးမြင့်နေသည်ဟု ယူဆပြီး ရေနံဈေးအတက်ကို ထိန်းချင်ပါက နောက်ထပ် ဝယ်ယူခွင့်ချွင်းချက်ပေး ကာလသစ်မျိုး ဆက်၍ လုပ်နိုင်သည်။ သို့မဟုတ်ဘဲ ရေနံဈေးက အခုလို ဆက်တိုက် အကျဘက် ၌ ရှိနေအုံးမည် ဆိုပါက အီရန် တော့ ဒုက္ခတွေ့ နိုင်သည်။ ထို့ကြောင့်ရေနံဈေးကွက်ကို အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဆက်ပြီး ကိုယ်တိုင်ဝင်ပါ ကြိုးကိုင်မှုဆက်၍ လုပ်နေအုံးမည် ဆိုတာကို သုံးသပ်မိပါသည်။

Source:https://www.facebook.com/permalink.php?story_fbid=760167674335566&id=100010270207381

## မြန်မာ့ပို့ကုန်ပြခန်းနှင့် အရောင်းခန်းမဖွင့်လှစ်ရန် စိတ်ဝင်စားမှုမှတ်တမ်း (Expression of Interest-EIO) ဖိတ်ခေါ်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် အမျိုးသားပို့ကုန် မဟာဗျူဟာကို




အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်ပပို့ကုန် မြှင့်တင်နိုင်ရေးကို အဓိကလုပ်ဆောင်မည့် ဗဟိုဌာနကြီးအဖြစ် လုပ်ငန်းရှင်များအား ဝန်ဆောင်မှုပေးနိုင်ရန် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center-MITC)ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၆၂၂/ ၆၂၆) တွင် တည်ရှိသည့် မိမိဌာနပိုင် သုံးထပ်အဆောက်အအုံတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အဆိုပါ သုံးထပ်အဆောက်အအုံ၌ မြေညီထပ်တွင် မြန်မာ့ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ပို့ကုန်ပြခန်းနှင့် အရောင်းခန်းမကိုလည်းကောင်း၊ ပထမထပ်တွင် လုပ်ငန်းရှင်များ၏ မေးမြန်းစုံစမ်းမှုများ၊ လိုအပ်ချက်များကို ဖြေကြားအကူအညီပေးသည့်လုပ်ငန်းကိုလည်းကောင်း၊ ဒုတိယထပ်တွင် ပို့ကုန်ဈေးကွက် မြှင့်တင်ရေးအတွက် အရောင်းမြှင့်တင်ပွဲများ၊ ကုန်စည်ပြပွဲငယ်များ၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ၊ ဆွေးနွေးပွဲနှင့် သင်တန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

ယခုအခါ မြေညီထပ်ကို စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် မြေညီထပ်၏ အရှေ့ဘက်ခြမ်းကို အမြဲတမ်းပို့ကုန်ပြခန်းအဖြစ်လည်းကောင်း၊ အနောက်ဘက်ခြမ်းတွင် မြန်မာ့ထုတ်ကုန် အရောင်းခန်းမအဖြစ်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ရာ အမြဲတမ်းပို့ကုန်ပြခန်းနှင့် မြန်မာ့ထုတ်ကုန်အရောင်းပြခန်း လုပ်ငန်းစီမံခန့်ခွဲမှုများကို သင့်တော်သည့် ပုဂ္ဂလိလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လိုပါ၍ ပြည်တွင်းမှ လက်လီအရောင်းနှင့် ပြခန်းလုပ်ငန်း အတွေ့အကြုံရှိသည့် နိုင်ငံသားပိုင်ကုမ္ပဏီများသည် မိမိတို့ဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားပါက စိတ်ဝင်စားမှုမှတ်တမ်း (Expression of interest-EOI) ကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဖုန်းနံပါတ် -၀၆၇-၄၀၈၄၂၇၊ ၀၆၇-၄၀၈၄၂၈၊ Email: dgoffice.myantrade@gmail.com သို့ ဆက်သွယ်၍ EOI ပုံစံရယူပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်ထက် နောက်မကျစေဘဲ ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Myantrade

# ကုန်သွယ်မှုအခြေအနေ

## ၂၀၁၈၊ ဒီဇင်ဘာလ အဓိကပို့ကုန် (၁၀) မျိုး/အဓိက သွင်းကုန် (၁၀) မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 45,029,831.713 | 273.660 |
| 2 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 19,151.853 | 54.811 |
| 3 | ဆန် | မတန် | 170,140.500 | 53.404 |
| 4 | သဘာဝဓါတ်ငွေ့ | kg | 5,161,510.127 | 48.912 |
| 5 | ရာဘာစိမ်း | မတန် | 22,224.490 | 27.347 |
| 6 | ငါး | မတန် | 28,708.767 | 26.951 |
| 7 | နှမ်း | မတန် | 13,124.364 | 22.110 |
| 8 | (က)မတ်ပဲ | မတန် | 32,480.039 | 19.268 |
| 9 | ပြောင်း | မတန် | 87,240.850 | 17.553 |
| 10 | ဆန်ကွဲ | မတန် | 25,418.000 | 7.148 |

| စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|
| 1 | ရေနံထွက်ပစ္စည်းများ | 214.141 |
| 2 | စက်နှင့်စက်ပစ္စည်းများ | 100.465 |
| 3 | ချည်ထည်များ | 61.747 |
| 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 61.573 |
| 5 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 48.066 |
| 6 | ဆေးဝါးပစ္စည်းများ | 46.331 |
| 7 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 39.562 |
| 8 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 35.057 |
| 9 | စားအုန်းဆီ | 32.025 |
| 10 | မော်တော်ဆိုင်ကယ်များ | 26.146 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၇-၂၀၁၈ (၂၁-၁၂-၂၀၁၇) | ၂၀၁၈ (၂၁-၁၂-၂၀၁၈) | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 637.401 | 647.819 | 10.418 |
| ၂ | တိရိစ္ဆာန်ထွက် | 11.587 | 149.716 | 138.129 |
| ၃ | ရေထွက် | 173.518 | 207.534 | 34.016 |
| ၄ | သတ္တုတွင်းထွက် | 311.586 | 274.163 | -37.423 |
| ၅ | သစ်တောထွက် | 45.004 | 43.004 | -2.000 |
| ၆ | စက်မှုကုန်ချော | 1244.663 | 1754.595 | 509.932 |
| ၇ | အခြား | 354.471 | 187.116 | -167.355 |
| | စုစုပေါင်း | 2778.23 | 3263.947 | 485.717 |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၁၇-၂၀၁၈ (၂၁-၁၂-၂၀၁၇) | ၂၀၁၈ (၂၁-၁၂-၂၀၁၈) | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1359.635 | 1353.173 | -6.462 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 1533.108 | 1506.593 | -26.515 |
| ၃ | လူသုံးကုန်ပစ္စည်း | 814.940 | 779.065 | -35.875 |
| ၄ | CMP | 374.631 | 494.740 | 120.109 |
| | | | | |
| | | | | |
| | စုစုပေါင်း | 4082.314 | 4133.571 | 51.257 |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၁၈၊ ဒီဇင်ဘာလ အတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်ဈေးနှုန်း

| မြို့နယ် | ဆန်(မိုး) ရှယ် ၅% | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း ပေါင်း | ဧည့်မထဆန် ၂၅% |
|---|---|---|---|---|
| ဖျာပုံ | 20000-20500 | 35000-36000 | | 18500-19000 |
| မြောင်းမြ | 20000-20500 | 40000-42000 | | 18500-19000 |
| ဒေးဒရဲ | 20000-20500 | 35000-36000 | | 18500-19000 |
| ဂါးခယ်မ | 20000-20500 | 36000-37000 | | 18500-19000 |
| ဘိုကလေး | 20000-20500 | 32000-34000 | | 18500-19000 |
| မော်ကျွန်း | 20000-20500 | 36000-37000 | | 18500-19000 |
| လပွတ္တာ | 20000-20500 | 36000-37000 | | 18500-19000 |
| ကျိုက်လတ် | 20000-20500 | 34000-36000 | | 18500-19000 |
| ဘုရင့်နောင် | 20000-20500 | | 60000-63000 | 18500-19000 |

Source: MRF

## ၂၀၁၈၊ ဒီဇင်ဘာလ အတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း(ကျပ်)(ဧရာဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ဧည့်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 03.12.18 | 50000 | 49000 | 48000 | 23500 | 23200 | 2300 | 27000 | 24000 | 23000 | 24000 | 23500 | 23000 |
| 2 | 04.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 3 | 05.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 4 | 06.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 5 | 07.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 6 | 10.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 7 | 11.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 8 | 12.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 9 | 13.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 10 | 14.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 11 | 17.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 12 | 18.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 13 | 19.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 14 | 20.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 15 | 21.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 16 | 24.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 17 | 26.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 18 | 27.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |
| 19 | 28.12.18 | 35000 | 34000 | 33000 | 21500 | 21200 | 21000 | 19700 | 19500 | 19000 | 20500 | 19500 | 19000 |

Source: ဂါးတန်းကုန်စည်ဒိုင်

## ၂၀၁၈၊ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| 1 | 03.12.18 | 824000 | 800000 | 1071700-1093100 | 1224800-1276800 | 814500-826700 | 1488100-1812700 |
| 2 | 04.12.18 | 777000 | 775000 | 1071700-1083900 | 1172700-1224800 | 814500-826700 | 1488100-1812700 |
| 3 | 05.12.18 | 799000 | 791000 | 1041100-1071700 | 1224800 | 796100-817500 | 1488100-1812700 |
| 4 | 06.12.18 | 822000 | 812000 | 967600-1041100 | 1172700-1224800 | 796100-817500 | 1488100-1705500 |
| 5 | 07.12.18 | 849000 | | 1019600-1041100 | 1172700-1224800 | 796100-817500 | 1488100-1705500 |
| 6 | 10.12.18 | 826000 | 765000 | 2050200-1062500 | 1224800 | 796100-817500 | 1488100-1705500 |
| 7 | 11.12.18 | 804000 | 750000 | 1071700-1083900 | 1224800 | 765500-777700 | 1488100-1705500 |
| 8 | 12.12.18 | 796000 | | 1090100-1114500 | 1224800 | 796100-817500 | 1488100-1705500 |
| 9 | 13.12.18 | 804000 | 750000 | 1102300-1114500 | 1172700-1224800 | 796100-839000 | 1488100-1705500 |
| 10 | 14.12.18 | 784000 | | 1080900-1102300 | 1224800 | 796100-817500 | 1488100-1812700 |
| 11 | 17.12.18 | 792000 | | 1071700-1114500 | 1120700-1175800 | 796100-817500 | 1488100-1812700 |
| 12 | 18.12.18 | 806000 | 749000 | 1071700-1093100 | 1224800-1276800 | 796100-817500 | 1488100-1705500 |
| 13 | 19.12.18 | 802000 | | 1071700-1093100 | 1224800-1276800 | 796100-826700 | 1488100-1757600 |
| 14 | 20.12.18 | 804000 | | 1071700-1093100 | 1224800-1276800 | 814500-826700 | 1595300-1812700 |
| 15 | 21.12.18 | | | 1071700-1093100 | 1224800-1276800 | 814500-826700 | 1595300-1812700 |
| 16 | 24.12.18 | 814000 | 784000 | 1041100-1053300 | 1224800-1276800 | 814500-826700 | 1488100-1812700 |
| 17 | 26.12.18 | 796000 | | 998200-1022700 | 1234000-1246200 | 796000-826700 | 1488100-1705500 |
| 18 | 27.12.18 | 788000 | 747000 | 967600-992100 | 1224800-1246200 | 826700-839000 | 1488100-1812700 |
| 19 | 28.12.18 | 769000 | | 967600-992100 | 1212500-1224800 | 796100-826700 | 1488100-1812700 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၈၊ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ် (မြစ်ဝကျွန်းပေါ်) (အထွက်ထိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 03.12.18 | 1408500-1518700 | 682800-695100 | 560300-612400 | 753200-777700 | 306200-318400 |
| 2 | 04.12.18 | 1408500-1463600 | 643000-664400 | 591000-612400 | 734900-756300 | 306200-318400 |
| 3 | 05.12.18 | 1408500-1518700 | 661400-673600 | 560300-663800 | 744100-756300 | 306200-318400 |
| 4 | 06.12.18 | 1408500-1518700 | 692000-716500 | 591000-612400 | 734900-747100 | 306200-318400 |
| 5 | 07.12.18 | 1408500-1463600 | 692000-716500 | 560300-594000 | 734900-756300 | 306200-318400 |
| 6 | 10.12.18 | 1408500-1518700 | 704200-716500 | 560300-594000 | 734900-747100 | 306200-318400 |
| 7 | 11.12.18 | 1408500-1518700 | 713400-725700 | 560300-581800 | 734900-747100 | 306200-318400 |
| 8 | 12.12.18 | 1408500-1463600 | 722600-734900 | 560300-594000 | 692000-716500 | 306200-318400 |
| 9 | 13.12.18 | 1408500-1518700 | 722600-747100 | 591000-612400 | 713400-725700 | 306200-318400 |
| 10 | 14.12.18 | 1408500-1518700 | 734900-765500 | 591000-612400 | 713400-725700 | 306200-318400 |
| 11 | 17.12.18 | 1408500-1518700 | 805300-817500 | 581800-594000 | 643000-655300 | 306200-318400 |
| 12 | 18.12.18 | 1515700-1573800 | 814500-826700 | 591000-612400 | 643000-655300 | 306200-318400 |
| 13 | 19.12.18 | 1408500-1518700 | 783900-796100 | 569500-594000 | 612600-633800 | 306200-318400 |
| 14 | 20.12.18 | 1408500-1518700 | 783900-796100 | 581800-594000 | 643000-655300 | 306200-318400 |
| 15 | 21.12.18 | 1408500-1518700 | 783900-796100 | 581800-594000 | 753200-765500 | 306200-318400 |
| 16 | 24.12.18 | 1408500-1518700 | 765500-777700 | 581800-594000 | 621600-633800 | 306200-318400 |
| 17 | 26.12.18 | 1408500-1518700 | 692000-716500 | 560300-581800 | 630800-643000 | 306200-318400 |
| 18 | 27.12.18 | 1408500-1518700 | 682800-695100 | 581800-594000 | 630800-643000 | 306200-318400 |
| 19 | 28.12.18 | 1408500-1518700 | 692000-704200 | 581800-594000 | 621600-633800 | 294000-306200 |


Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၏ နေ့စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-3 |
|---|---|---|
| 1 | 03.12.18 | 780-770 |
| 2 | 04.12.18 | - |
| 3 | 05.12.18 | 740-730 |
| 4 | 06.12.18 | 740 |
| 5 | 07.12.18 | 740 |
| 6 | 10.12.18 | 750-740 |
| 7 | 11.12.18 | 740-730 |
| 8 | 12.12.18 | 740-730 |
| 9 | 13.12.18 | 740 |
| 10 | 14.12.18 | 740 |
| 11 | 17.12.18 | - |
| 12 | 18.12.18 | 750 |
| 13 | 19.12.18 | 750 |
| 14 | 20.12.18 | 740-735 |
| 15 | 21.12.18 | 740-730 |
| 16 | 24.12.18 | 735 |
| 17 | 26.12.18 | 720-715 |
| 18 | 27.12.18 | 720 |
| 19 | 28.12.18 | 720 |

Source: မုဒုံဈေး





## ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၏ နေ့စဉ် စက်သုံးဆီ ၁ လီတာဈေးနှုန်း

| No | Date | Yangon | | Mandalay | |
|---|---|---|---|---|---|
| | | အောက်တိန်း | ဒီဇယ်ဆီ | အောက်တိန်း | ဒီဇယ်ဆီ |
| 1 | 03.12.18 | 720 | 911 | 760 | 942 |
| 2 | 04.12.18 | 720 | 911 | 760 | 942 |
| 3 | 05.12.18 | 716 | 902 | 747 | 916 |
| 4 | 06.12.18 | 716 | 902 | 747 | 916 |
| 5 | 07.12.18 | 716 | 880 | 738 | 898 |
| 6 | 10.12.18 | 711 | 876 | 733 | 893 |
| 7 | 11.12.18 | 711 | 876 | 733 | 889 |
| 8 | 12.12.18 | 711 | 876 | 733 | 880 |
| 9 | 13.12.18 | 698 | 862 | 733 | 880 |
| 10 | 14.12.18 | 698 | 862 | 733 | 880 |
| 11 | 17.12.18 | 698 | 862 | 729 | 871 |
| 12 | 18.12.18 | 698 | 862 | 720 | 862 |
| 13 | 19.12.18 | 698 | 840 | 711 | 849 |
| 14 | 20.12.18 | 698 | 840 | 711 | 849 |
| 15 | 21.12.18 | 698 | 840 | 698 | 836 |
| 16 | 24.12.18 | 658 | 809 | 684 | 813 |
| 17 | 26.12.18 | 658 | 769 | 667 | 790 |
| 18 | 27.12.18 | 658 | 769 | 667 | 791 |
| 19 | 28.12.18 | 636 | 769 | 658 | 782 |

Source: e trademyanmar

## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

## ၂၀၁၈ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 28.11.2018 to 04.12.2018 | 05.12.2018 to 11.12.2018 | 12.12.2018 to 18.12.2018 | 19.12.2018 to 25.12.2018 | 26.12.2018 to 01.1.2019 |
|---|---|---|---|---|---|
| Emata 5 % | 415-420 | 415-420 | 415-420 | 380-390 | 380-390 |
| Emata 10 % | 410-415 | 410-415 | 410-415 | 370-380 | 370-380 |
| Emata 15% | 400-405 | 400-405 | 400-405 | 350-360 | 350-360 |
| Emata 25 % | 350-355 | 350-355 | 350-355 | 340-350 | 340-350 |
| Emata 35 % | 345-350 | 345-350 | 345-350 | 335-340 | 335-340 |
| Ngasein 5% | 415-420 | 415-420 | 415-420 | 370-380 | 370-380 |
| Ngasein 15% | 400-405 | 400-405 | 400-405 | 355-365 | 355-365 |
| Ngasein 20% | 350-355 | 350-355 | 350-355 | 350-355 | 350-355 |
| Ngasein 25% | 330-335 | 330-335 | 330-335 | 330-335 | 330-335 |
| A 1-2 | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| B 1-2 | 310-320 | 310-320 | 310-320 | 310-320 | 310-320 |
| B 2-3-4 | 305-310 | 305-310 | 305-310 | 305-310 | 305-310 |
| B 1&Extra | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| Glutinous 5 % | 470-480 | 470-480 | 470-480 | 425-430 | 425-430 |
| Glutinous 25 % | 450-460 | 450-460 | 450-460 | 400-410 | 400-410 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 | 435-440 |

Source: MRF

## ၂၀၁၈ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 03.12.18 to 07.12.18 | 10.12.18 to 14.12.18 | 17.12.18 to 21.12.18 | 24.12.18 to 28..12.18 |
|---|---|---|---|---|---|
| မတ်ပဲ (2018 crop) | FAQ | 530-550 | 510-530 | 500-520 | 500-520 |
| | SQ | 680-700 | 635-655 | 620-640 | 625-645 |
| | အခွံချွတ် အလုံး/အခြမ်း | 760-790 | 730-760 | 715-745 | 715-745 |
| | အခွံပါ အခြမ်း | 665-690 | 640-665 | 625-650 | 625-650 |
| မတ်ပဲ (2017 crop) | FAQ | 510-530 | 490-510 | 480-500 | 480-500 |
| | SQ | 660-680 | 615-635 | 600-620 | 600-620 |
| | အခွံချွတ် အလုံး/အခြမ်း | 730-760 | 700-730 | 690-715 | 690-715 |
| | အခွံပါ အခြမ်း | 640-665 | 615-640 | 600-625 | 600-625 |
| ပဲတီစိမ်း | FAQ (အညာ) | 630-680 | 630-680 | 670-710 | 670-710 |
| | FAQ (ပခုက္ကူ) | 650-680 | 650-680 | 680-720 | 680-720 |
| | ရွှေဂါအသေး (Under 3.5 mm) | 850-880 | 850-880 | 850-880 | 850-880 |
| | ရွှေဂါအကြီး (Size  3.5 mm &up) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 790-850 | 790-850 | 840-890 | 840-890 |
| | အခွံပါအလုံးသေးအခြမ်း (ပခုက္ကူ) | 815-850 | 815-850 | 850-900 | 850-900 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 840-910 | 840-910 | 895-950 | 895-950 |
| | အခွံချွတ်အလုံးသေးအခြမ်း (ပခုက္ကူ) | 870-910 | 870-910 | 910-960 | 910-960 |
| | အခွံချွတ်အလုံးကြီးအခြမ်း (ပခုက္ကူ) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 520-540 | 490-510 | 490-510 | 490-510 |
| | ဖြူနီ (FAQ) | 520-540 | 490-510 | 490-510 | 490-510 |
| | အဖြူ  (FAQ) | 520-540 | 490-510 | 490-510 | 490-510 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 520-540 | 490-510 | 490-510 | 490-510 |
| | ဖြူနီ (FAQ) | 520-540 | 490-510 | 490-510 | 490-510 |
| | အဖြူ  (FAQ) | 520-540 | 490-510 | 490-510 | 490-510 |
| ကုလားပဲဖြူလုံးကြီး | FAQ | 550-600 | 550-600 | 550-600 | 500-550 |
| | အခွံချွတ်အခြမ်း | 735-800 | 735-800 | 735-800 | 670-735 |
| ပဲလွန်းဖြူ | FAQ | 450-500 | 450-500 | 450-500 | 450-500 |
| | SQ (12.5 ဇကာ) | 680-710 | 680-710 | 680-710 | 680-710 |
| ပဲလွန်းနီ | FAQ | 500-530 | 500-530 | 500-530 | 500-530 |
| မြေထောက်ပဲ | FAQ | 1050-1100 | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံချွတ်အခြမ်း | 1315-1375 | 1315-1375 | 1315-1375 | 1315-1375 |
| | အခွံပါအခြမ်း | 1110-1160 | 1110-1160 | 1110-1160 | 1110-1160 |
| ပဲထောပတ် | FAQ | 1000-1030 | 1000-1030 | 1000-1030 | 1000-1030 |
| | အခွံချွတ်အခြမ်း | 900-950 | 900-950 | 900-950 | 900-950 |
| | အခွံပါအခြမ်း | 1055-1085 | 1055-1085 | 1055-1085 | 1055-1085 |
| ပြောင်း | | 190-220 | 190-220 | 190-220 | 180-215 |
| နှမ်းဖြူ | | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 |
| နှမ်းနက် (စမုံ) | | 1700-1750 | 1700-1750 | 1700-1750 | 1700-1750 |
| နှမ်းမျုန် | | 1600-1700 | 1600-1700 | 1600-1700 | 1600-1700 |
| နှမ်းညို | | 1200-1300 | 1200-1300 | 1200-1300 | 1200-1300 |
| နှမ်းနက် (ရိုးရိုး) | | 1200-1250 | 1200-1250 | 1200-1250 | 1200-1250 |
| ပဲကြီး | | 800-850 | 800-850 | 800-850 | 650-700 |
| ပဲယင်း | | 550-580 | 550-580 | 550-580 | 550-580 |
| ဘိုကိတ် | | 400-430 | 400-430 | 400-430 | 400-430 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## နိုင်ငံတကာ ဈေးနှုန်းများ (FOB)

### ၂၀၁၈၊ ဒီဇင်ဘာလ အတွင်း အိန္ဒိယနိုင်ငံ ပဲဈေးနှုန်း

| No | Date | မတ်ပဲ Mumbai | ပဲစင်းငုံ Mumbai |
|---|---|---|---|
| 1 | 03.12.18 | 656 | 642 |
| 2 | 04.12.18 | 632 | 625 |
| 3 | 05.12.18 | 623 | 616 |
| 4 | 06.12.18 | 648 | 627 |
| 5 | 07.12.18 | 645 | 631 |
| 6 | 10.12.18 | 645 | 617 |
| 7 | 11.12.18 | 624 | 596 |
| 8 | 12.12.18 | 625 | 598 |
| 9 | 13.12.18 | 636 | 601 |
| 10 | 14.12.18 | 627 | 600 |
| 11 | 17.12.18 | 630 | 609 |
| 12 | 18.12.18 | 624 | 603 |
| 13 | 19.12.18 | 631 | 613 |
| 14 | 20.12.18 | 624 | 617 |
| 15 | 21.12.18 | 629 | 615 |
| 16 | 24.12.18 | 647 | 615 |
| 17 | 26.12.18 | 636 | 607 |
| 18 | 27.12.18 | 626 | 612 |
| 19 | 28.12.18 | 625 | 607 |

Source: e trademaynamr

### ၂၀၁၈ ဒီဇင်ဘာလ အတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil (USD/bbl) | Bernt Curde Oil (USD / bbl) | RBoB Gasoline (Usd/ gal) | Narural Gas USD/ MMBtu) | Heading Oil (Usd/ gal) |
|---|---|---|---|---|---|---|
| 1 | 03.12.18 | 53.76 | 62.44 | 147.04 | 4.49 | 190.00 |
| 2 | 04.12.18 | 53.46 | 62.21 | 144.47 | 4.43 | 190.31 |
| 3 | 05.12.18 | 52.69 | 61.40 | 142.41 | 4.53 | 189.13 |
| 4 | 06.12.18 | 52.59 | 61.36 | 143.89 | 4.42 | 188.49 |
| 5 | 07.12.18 | 51.31 | 59.75 | 143.11 | 4.31 | 185.26 |
| 6 | 10.12.18 | 52.56 | 62.15 | 148.27 | 4.61 | 189.39 |
| 7 | 11.12.18 | 51.23 | 60.28 | 143.34 | 4.54 | 185.39 |
| 8 | 12.12.18 | 52.17 | 60.76 | 145.34 | 4.38 | 185.85 |
| 9 | 13.12.18 | 51.40 | 60.51 | 142.61 | 4.11 | 185.67 |
| 10 | 14.12.18 | 52.34 | 60.94 | 146.55 | 4.08 | 196.68 |
| 11 | 17.12.18 | 51.30 | 60.34 | 144.38 | 3.67 | 185.02 |
| 12 | 18.12.18 | 49.29 | 58.96 | 139.61 | 3.61 | 181.28 |
| 13 | 19.12.18 | 46.40 | 56.63 | 135.73 | 3.80 | 177.00 |
| 14 | 20.12.18 | 47.20 | 56.50 | 136.80 | 3.72 | 179.26 |
| 15 | 21.12.18 | 46.51 | 55.01 | 133.77 | 3.71 | 177.16 |
| 16 | 24.12.18 | 46.08 | 54.40 | 132.80 | 3.79 | 174.85 |
| 17 | 26.12.18 | 42.64 | 50.23 | 124.80 | 3.54 | 166.01 |
| 18 | 27.12.18 | 46.04 | 54.28 | 133.00 | 3.50 | 173.50 |
| 19 | 28.12.18 | 45.65 | 53.21 | 132.88 | 3.51 | 170.26 |

Source: Bloomberg Commodities

## ၂၀၁၈ ဒီဇင်ဘာလ အတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | Dec 3 2018 | 89.89 | 136.16 | 170.65 | 124.73 | 125.60 |
| 2 | Dec 4 2018 | 90.10 | 136.54 | 169.17 | 125.08 | 124.35 |
| 3 | Dec 5 2018 | 92.41 | * | 168.75 | * | 123.55 |
| 4 | Dec 7 2018 | 91.94 | 137.30 | 167.52 | 124.95 | 124.90 |
| 5 | Dec 10 2018 | 91.25 | * | 167.54 | * | 123.65 |
| 6 | Dec 11 2018 | 90.79 | 137.82 | 166.83 | 125.18 | 123.35 |
| 7 | Dec 12 2018 | 90.75 | 138.59 | 167.27 | 125.77 | 124.35 |
| 8 | Dec 13 2018 | 91.53 | 140.76 | 169.84 | 126.85 | 126.60 |
| 9 | Dec 14 2018 | 91.28 | * | * | * | 124.80 |
| 10 | Dec 17 2018 | 92.12 | * | 173.01 | * | 126.90 |
| 11 | Dec 18 2018 | 92.54 | * | 174.17 | * | 127.75 |
| 12 | Dec 19 2018 | 92.25 | * | 176.87 | * | 126.75 |
| 13 | Dec 20 2018 | 92.65 | * | 176.43 | * | 128.05 |
| 14 | Dec 21 2018 | 92.71 | * | 177.05 | * | 128.20 |
| 15 | Dec 24 2018 | 92.09 | * | 177.41 | * | 127.65 |
| 16 | Dec 26 2018 | 90.80 | * | 177.17 | * | 125.25 |
| 17 | Dec 27 2018 | 91.74 | * | 176.32 | * | 127.70 |
| 18 | Dec 28 2018 | 92.44 | * | 177.20 | * | 128.65 |

Source: Assodation of natural rubber producting countries

## ရွှေဈေးနှုန်းအခြေအနေ

## ၂၀၁၈ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$) နှင့် မြန်မာရွှေဈေး (ကျပ်)


| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 03.12.18 | 1226 | 1228 | 1017000 | 1014000 |
| 2 | 04.12.18 | 1237 | 1238 | 990000 | 987000 |
| 3 | 05.12.18 | 1237 | 1239 | 1009000 | 1007000 |
| 4 | 06.12.18 | 1241 | 1243 | 1021000 | 1022000 |
| 5 | 07.12.18 | 1242 | 1243 | 1024000 | 1024000 |
| 6 | 10.12.18 | 1248 | 1254 | 1031000 | 1031000 |
| 7 | 11.12.18 | 1247 | 1248 | 1039000 | 1039000 |
| 8 | 12.12.18 | 1247 | 1248 | 1038000 | 1038000 |
| 9 | 13.12.18 | 127 | 1248 | 1037000 | 1037000 |
| 10 | 14.12.18 | 1244 | 1245 | 1034000 | 1034500 |
| 11 | 17.12.18 | 1239 | 1306 | 1037000 | 1038000 |
| 12 | 18.12.18 | 1250 | 1250 | 1040000 | 1039000 |
| 13 | 19.12.18 | 1252 | 1254 | 1038000 | 1038000 |
| 14 | 20.12.18 | 1246 | 1248 | 1037500 | 1037500 |
| 15 | 21.12.18 | 1263 | 1264 | 1040500 | 1040700 |
| 16 | 24.12.18 | 1265 | 1267 | 1040500 | 1040000 |
| 17 | 26.12.18 | 1275 | 1277 | 1042500 | 1042500 |
| 18 | 27.12.18 | 1273 | 1274 | 1038500 | 1038500 |
| 19 | 28.12.18 | 1278 | 1281 | 1038500 | 1037500 |

Source: Bullionvault, etrademyanmar

## ၂၀၁၈ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး (US$)

### 2018 Currency December

| No | Date | Doller | Earning |
|---|---|---|---|
| 1 | 3.12.18 | 1557 | 1565 |
| 2 | 4.12.18 | 1506 | 1510 |
| 3 | 5.12.18 | 1526 | 1532 |
| 4 | 6.12.18 | 1550 | 1560 |
| 5 | 7.12.18 | 1553 | 1562 |
| 6 | 10.12.18 | 1551 | 1568 |
| 7 | 11.12.18 | 1560 | 1573 |
| 8 | 12.12.18 | 1575 | 1590 |
| 9 | 13.12.18 | 1574 | 1588 |
| 10 | 14.12.18 | 1560 | 1578 |
| 11 | 17.12.18 | 1567 | 1586 |
| 12 | 18.12.18 | 1567 | 1582 |
| 13 | 19.12.18 | 1560 | 1576 |
| 14 | 20.12.18 | 1565 | 1576 |
| 15 | 21.12.18 | 1557 | 1572 |
| 16 | 24.12.18 | 1560 | 1568 |
| 17 | 26.12.18 | 1550 | 1557 |
| 18 | 27.12.18 | 1543 | 1548 |
| 19 | 28.12.18 | 1540 | 1541 |




Source: etrademyanmar

## ၂၀၁၈ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 03.12.18 | 1573.0 | 47.884 | 225.99 | 1148.6 | 22.584 | 1384.4 |
| 2 | 04.12.18 | 1570.0 | 47.888 | 228.10 | 1148.1 | 22.289 | 1384.2 |
| 3 | 05.12.18 | 1540.0 | 46.980 | 225.24 | 1127.5 | 21.835 | 1364.2 |
| 4 | 06.12.18 | 1543.0 | 47.043 | 225.04 | 1127.2 | 21.868 | 1367.9 |
| 5 | 07.12.18 | 1559.0 | 47.502 | 226.51 | 1138.6 | 22.004 | 1383.0 |
| 6 | 10.12.18 | 1561.0 | 47.563 | 227.03 | 1139.7 | 22.029 | 1388.0 |
| 7 | 11.12.18 | 1564.0 | 47.603 | 226.28 | 1138.3 | 21.257 | 1383.0 |
| 8 | 12.12.18 | 1572.0 | 48.000 | 228.40 | 1145.1 | 21.759 | 1385.2 |
| 9 | 13.12.18 | 1581.0 | 47.304 | 229.91 | 1151.9 | 22.007 | 1394.1 |
| 10 | 14.12.18 | 1581.0 | 48.282 | 229.74 | 1152.0 | 22.095 | 1393.3 |
| 11 | 17.12.18 | 1578.0 | 48.095 | 228.75 | 1146.8 | 21.941 | 1390.6 |
| 12 | 18.12.18 | 1575.0 | 48.154 | 228.79 | 1150.1 | 22.036 | 1399.4 |
| 13 | 19.12.18 | 1573.0 | 48.104 | 228.13 | 1148.5 | 22.359 | 1398.8 |
| 14 | 20.12.18 | 1570.0 | 47.939 | 227.79 | 1144.1 | 22.207 | 1395.2 |
| 15 | 21.12.18 | 1570.0 | 48.123 | 227.03 | 1145.7 | 22.431 | 1411.2 |
| 16 | 24.12.18 | 1569.0 | 48.055 | 227.18 | 1142.6 | 22.369 | 1413.0 |
| 17 | 26.12.18 | 1566.0 | 48.059 | 227.38 | 1141.2 | 22.356 | 1415.2 |
| 18 | 27.12.18 | 1558.0 | 47.813 | 226.28 | 1135.4 | 22.233 | 1403.0 |
| 19 | 28.12.18 | 1550.0 | 47.656 | 225.74 | 1130.7 | 22.029 | 1397.7 |

Source: Center Bank of Myanmar